ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 20 January 2024 ၁၁၃၄၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကင်းမွန်အထိအမိကောင်း၍ ကင်းမွန်ဖမ်းဆလုံများ အလုပ်အကိုင်အဆင်ပြေ

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာပြည်တောင်ဘက်စွန်း မြိတ်ကျွန်းစုများတွင် ပင်လယ်ပျော်ဆလုံ(မော်ကင်း) တိုင်းရင်းသားများ နေထိုင်ကြလျက်ရှိရာ ဇန်နဝါရီလဆန်းပိုင်းတွင် ကမ်းနီးပင်လယ်ပြင်၌ ကင်းမွန်အထိအမိကောင်း၍ ကင်းမွန်ဖမ်းဆလုံတိုင်းရင်းသားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း မကြုံဂလက်ကျေးရွာ ကင်းမွန်ဖမ်းဆီးသူများထံမှ သိရသည်။

**လုပ်ငန်းအဆင်ပြေလာ**

ဆလုံလူမျိုးတို့သည် ပင်လယ်ပြင်ငါးဖမ်းခြင်း၊ ကင်းမွန်ဖမ်းခြင်း၊ ပုလဲငုပ်ခြင်း၊ သံပခြုပ်၊ မျှော့ ဖမ်းဆီးခြင်းနှင့် ကျောက်ဆောင်များမှ ပင့်/ခရင်း/ကမာ ခွာခြင်းတို့ဖြင့် ဝမ်းရေးအတွက် လုပ်ကိုင်ကြလျက်ရှိရာ ယခင်နှစ်ဆန်းပိုင်းကာလတို့တွင် ကင်းမွန်ရရှိမှုနည်းခဲ့သော်လည်း ယခုလဆန်းပိုင်း၌ ကင်းမွန်အထိအမိကောင်းသည့်အပြင် ကင်းမွန်ဈေးကွက်ဦးမော့လာမှုကြောင့် ကင်းမွန်မျှားသော လုပ်ငန်းအဆင်ပြေလာခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ညပိုင်းပင်လယ်ပြင်၌ ကင်းမွန်မျှားရန် ဆလုံလှေငယ်များ ပင်လယ်ပြင်သို့ထွက်ခွာစဉ်။

**ယနေ့ ဖတ်စရာ**

**ပြုလုပ်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုက ရှိစမြဲပါ၊ မကောင်းတာလုပ်ရင် မကောင်းတာခံ၊ ကောင်းတာလုပ်ရင် ကောင်းတာစံ၊ အဆုံးမှာ ကိုယ်နဲ့ထိုက်တာသာ ရကြပါလိမ့်မယ်။ နှလုံးသွင်းသင့်တာက အချုပ်အခြာပြို့ရင် သာသနာလည်းပြို၊ နယ်မြေပျောက်ရင် သာသနာလည်း ပျောက်ကွယ်မယ်ဆိုတဲ့ အချက်ပါပဲ။ ပေးဆပ်ခြင်းများစွာနဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတဲ့ အချုပ်အခြာနဲ့ ပိုင်နက်နယ်မြေလိုပါပဲ၊ ဗုဒ္ဓဘာသာကို ရှေးဘိုးဘွားအဆက်ဆက်က ရတနာသဖွယ် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့ကြလို့သာ ယနေ့ ကျွန်တော်တို့မျိုးဆက်တွေ ဗုဒ္ဓဘာသာဝင်ဖြစ်ခွင့်ရတာပါ**

ဆောင်းပါး စာမျက်နှာ » ၆

**နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ အချင်းချင်းတိုက်လို့ ခိုက်လို့ မပြီးနိုင်ကြတော့ဘူး။ အင်အားကြီးနှစ်နိုင်ငံကြားက ပထဝီနိုင်ငံရေးအားသာချက်ဟာ ပြည်တွင်း၊ ပြည်ပ ပယောဂမျိုးစုံကြောင့် ယခုတိုင် အချင်းချင်း စိတ်ဝမ်းကွဲပြီး ပထဝီနိုင်ငံရေးကျိန်စာသင့်သလို ဖြစ်ခဲ့ရ**

ဆောင်းပါး စာမျက်နှာ » ၁၀

**(၁၉) ကြိမ်မြောက် ဂျပန်စာဘာသာပြန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများကို ဖိတ်ခေါ်**

စာမျက်နှာ » ၁၁

## ယခုရက်ပိုင်းတွင် CNG အရောင်းဆိုင်များ၌ ကားတန်းစီစောင့်ဆိုင်းရမှု နည်းပါးသွား

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များတွင် ဓာတ်ငွေ့လာရောက်ဖြည့်တင်းသော မော်တော်ယာဉ်များသည် ယခုရက်ပိုင်းအတွင်းတန်းစီစောင့်ဆိုင်းရမှု အလွန်နည်းပါးသွားပြီဖြစ်ကြောင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနမှ အထွေထွေမန်နေဂျာ ဦးကျော်သူရဝင်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော CNG ၄၁ ဆိုင်ရှိပြီး နံနက် ၅ နာရီမှစ၍ ည ၁၀ နာရီအထိ YBS ယာဉ်များ၊ Taxi ယာဉ်များနှင့် အခြားသောယာဉ်များကို လိုသလောက်ဖြန့်ဖြူးရောင်းချပေးနေကြောင်း ၎င်းက ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○




ကြေးမုံ

# နိုင်ငံ့စီးပွားတိုးတက်ရေး ရှေ့သို့တက်လှမ်း

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ်ဆောင်ရွက်ပြီး "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" "Keep Moving Forward To Achieve" ဆိုသည့်အတိုင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားပြုသဖြင့် စပါးစိုက်ပျိုးမှု၌ ပြီးခဲ့သည့် မိုးရာသီကာလက တစ်နိုင်ငံလုံး လယ်စပါးစိုက်ဧက ၁၃ ဒသမ ၁၇ သန်း စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၇၄ ဒသမ ၈၃ ရာခိုင်နှုန်းသာရှိခဲ့သည်။ တစ်နိုင်ငံလုံး စုစုပေါင်းစပါးစိုက်ပျိုးမှုမှာ ၁၄ ဒသမ ၉ သန်းရှိပြီး ပျမ်းမျှအထွက်နှုန်း ၇၃ ဒသမ ၁၁ သန်း ဖြစ်သည်။ မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုအပ်ချက်များရှိနေသည်။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလေးနည်းကို စနစ်တကျဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးအထွက်နှုန်း ကောင်းမွန်မည်ဖြစ်သည်။ အထွက်နှုန်းကောင်းသည့်မျိုးများဖြင့် စိုက်ပျိုးရန်လိုပြီး မြေပြုပြင်ရာတွင်လည်း စနစ်တကျဆောင်ရွက်ရန်လိုသည်။ ကောင်းမွန်သော မြေဩဇာများရရှိရေးအတွက်လည်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျ အသုံးပြုရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရ ယခုတာဝန်ယူနေသည့်ကာလ မိုးတွင်းကာလများတွင် စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည့် ရေပြတ်လပ်မှုများမရှိပေ။ သို့သော် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ကောက်ကွက်များပြည့်မီအောင် စိုက်ပျိုးရန် လိုအပ်ချက်ရှိခဲ့သည်။

စပါးစိုက်ပျိုးရာတွင် ကြဲပက်၍ စိုက်ပျိုးမည့်အစား အနည်းဆုံးတိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြရန် လိုအပ်သည်။ နည်းလေးနည်းကို စနစ်တကျအသုံးချ၍ စပါးအပြင် ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များဖြစ်သည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးခြင်းတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင် နေထိုင်ကြပြီး တစ်နိုင်ငံလုံး၏ လူဦးရေ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသဖြင့် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမောင်းနှင်အားများရှိသည်။

အဓိကမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံ့ GDP တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME လုပ်ငန်းများအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ် အားပေးမြှင့်တင်လျက်ရှိသည်။ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်ကြရန်လိုသည်။ ကုန်ထုတ်ပစ္စည်းများ တိုးတက်ထွက်ရှိမှသာ ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားမှုများ အားကောင်းလာမည်ဖြစ်သည်။ သို့မှသာ ဆက်စပ်နီးနွှယ်နေသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများကြား၌ နိုင်ငံ့ GDP နည်းပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ့ GDP မြင့်မားတိုးတက်လာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြီးခဲ့သည့်စီမံကိန်းကာလကို ဆန်းစစ်ကြည့်မည်ဆိုပါက လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဖိဖိစီးစီးကြိုးစားလုပ်ကိုင်ရန် လိုအပ်နေသေးကြောင်း တွေ့ရသည်။ နိုင်ငံတော်အစိုးရက သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကုန်ထုတ်လုပ်မှု လုပ်ငန်းနယ်ပယ်အသီးသီး၌လည်း အားလုံးတက်ညီလက်ညီ အလုပ်လုပ်ကြရန်လိုအပ်သည်။ ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ တိုးတက်မှုရှိ/မရှိ ချိန်ထိုးသုံးသပ်ဆောင်ရွက်ပြီး "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" "Keep Moving Forward To Achieve" ဆိုသည့်အတိုင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁,၀၀၄ | ၈,၈၃၅,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၇,၅၁၂ | ၂၁,၇၈၄,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၄ | ၃၁,၆၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၂,၀၃၇ | ၃,၁၅၉,၃၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၀၁ | ၁,၂၅၂,၅၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၇၁၀ | ၁,၃၈၅,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁ | ၄,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၃၁၅ | ၅၅၁,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အဓိကမြစ်ကြီးများနှင့် ဆက်နွှယ်နေသည့် မြစ်ဝှမ်းဒေသများအတွင်းရှိ ရေအားအရင်းအမြစ်များကို လေ့လာ၍ နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး မဖြစ်မနေကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၉**

ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ အဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန အသီးသီးမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း အခြားနိုင်ငံများထက် ရေအရင်းအမြစ်ပေါကြွယ်ဝသော်လည်း နိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေနှင့်ပတ်သက်သည့် အခက်အခဲပြဿနာများ နှစ်စဉ်ကြုံတွေ့နေရသဖြင့် ရေကဏ္ဍ စီမံခန့်ခွဲမှုများသည် အရေးပါလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အဓိကမြစ်ကြီးများနှင့် ဆက်နွှယ်နေသည့် မြစ်ဝှမ်းဒေသများ အတွင်းရှိ ရေအား အရင်းအမြစ်များကို လေ့လာ၍ နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မြစ်ကြီးများနှင့် ဆက်နွှယ်သည့် စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ ရေနှင့်ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာရေး လုပ်ငန်းများမှ တစ်ဆင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အဖွဲ့က လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရေအားအရင်းအမြစ် ပမာဏ တိုင်းတာတွက်ချက်ရေး လုပ်ငန်းအဖွဲ့ခွဲနှင့် ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ရေး လုပ်ငန်းအဖွဲ့ခွဲတို့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးများနှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် အချက်အလက်များကို စုစည်းပြုစု၍ တင်ပြလျက်ရှိကြောင်း၊ မြစ်ကြီးများ၏ အချက်အလက်များ လေ့လာတိုင်းတာ စုဆောင်းရာတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ၊ ရေဝေရေလဲဒေသ ပြောင်းလဲမှုများနှင့် သဲနုန်းပို့ချမှုတို့ကြောင့် မြစ်များ၏ အခြေအနေနှင့် အချက်အလက် ပြောင်းလဲမှုများရှိနိုင်သဖြင့် သတိပြုလေ့လာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေး အဖွဲ့၏ တိုင်းတာလေ့လာမှုများမှ ရရှိသည့် အချက်အလက်များကို အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ နိုင်ငံတော်အတွက် ရေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ပါက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ (Sustainable Development Goals) ကို အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် အဖွဲ့၏လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေး အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ အချက်အလက်များ စုဆောင်းထားရှိမှု၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် အချက်အလက်များ ပေးပို့မှု၊ အချက်အလက် စုဆောင်းရရှိမှုအပေါ် သုံးသပ်တင်ပြချက်၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က Power Point Presentation ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးနှင့် ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

**ဖွဲ့စည်းပေးခဲ့**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များ၏ မြစ်ဖျားမှ စတင်ပြီး ပင်လယ်သို့ ရောက်သည်အထိ ရေစီးနှုန်းတိုင်းတာရန်နှင့် ရေလမ်းကြောင်း အခြေအနေအပါအဝင် ရေအရင်းအမြစ်ပမာဏကို စူးစမ်းလေ့လာဆောင်ရွက်နိုင်ရေးအတွက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ကို ၂၀၂၂ ခုနှစ် မတ် ၇ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၄၃/၂၀၂၂ ဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ထိုကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် မြစ်ကြီးများနှင့် သက်ဆိုင်သည့် ရေဆိုင်ရာအချက်အလက်များကို တိုင်းတာတွက်ချက်ကာ စနစ်တကျ စုစည်းမှတ်တမ်းတင်ထားရှိနိုင်ပြီး ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေသုံးစွဲမှု၊ မြစ်ကြီးများနှင့် ဆက်နွှယ်သည့် ရေဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရေနှင့် ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

---

**☆ ရှေ့ဖုံးမှ**

မြိတ်ကျွန်းစုတစ်ဝိုက်ရှိ ကမ်းနီးပင်လယ်ပြင်တို့တွင် မိသားစုလိုက် ကဗန်းလှေကြီးဖြင့်လည်းကောင်း၊ ရေထွက်ကုန်ဝယ်ယူသော ကဗန်းလှေကြီးနောက်မှ စတော်လှေငယ်များ စုပေါင်းလိုက်ပါ၍ လည်းကောင်း ကင်းမွန်ဖမ်းဆီးကြလေ့ရှိပြီး ကျွန်းပေါ်ရှိကင်းမွန် အဝယ်ဒိုင်များနှင့် ပင်လယ်ပြင်တွင်လိုက်ပါသော ကဗန်းလှေကြီးတို့တွင် ဖမ်းဆီးရမိသည့်ကင်းမွန်များကို ပြန်လည်ရောင်းချကြလေ့ရှိသည်။ ဆလုံတို့သည် ရေလုပ်ငန်းမှလွဲ၍ အခြားသောစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြလေ့မရှိဘဲ ပင်လယ်ပြင် ငါးဖမ်းခြင်းနှင့် ဈေးကွက်ဝင်ကင်းမွန်ဖမ်းဆီးခြင်းကို တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြလေ့ရှိရာ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် ပင်လယ်ရေအေးမြချိန် လရောင်ရှိသော လဆန်း ၃ ရက်မှ လဆုတ် ၃ ရက်အတွင်း ကင်းမွန်ပိုမိုရရှိတတ်လေ့ရှိကြောင်း သိရသည်။

ယခုလ၌ ပင်လယ်ငါး၊ ပုဂို/ခရင်း/ကမာနှင့် သံပခြုပ် စသည့်ရေထွက်ကုန်များ အရောင်းအဝယ်အေးလျက်ရှိပြီး ပင်လယ်မျှော့တစ်ပိဿာလျှင် ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းအထိသာဈေးရရှိ၍ ကင်းမွန် တစ်ကီလိုလျှင် ကျပ်တစ်သောင်းခွဲဖြင့် ဒေသခံဒိုင်များက ဝယ်ယူကြကာ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကင်းမွန်ကို လဆန်းသုံးရက်မှ လပြည့်ကျော်အထိ ဖမ်းဆီးကြလေ့ရှိပြီး လပြည့်နေ့ညတွင် ပင်လယ်ပြင်၌ ကင်းမွန်မျှားသူများဖြင့် စည်ကားလေ့ရှိကာ တစ်လတွင် ရက်ပေါင်း ၂၀ ခန့် ပင်လယ်ပြင်၌ ဖမ်းဆီးကြလေ့ရှိသည်။ ရာသီသုံးလီကင်းမွန်ဖမ်းဆီးလေ့ရှိပြီး မိုးရာသီတွင် လှိုင်းလေပြင်းထန်သော်လည်း ကျွန်းများအနီးတွင် ဆလုံများသာ ကင်းမွန်မျှားလေ့ရှိသောကြောင့် ထိုရာသီတွင်လည်း ဈေးကောင်းရရှိလေ့ရှိသည်။

နွေရာသီတွင် ကင်းမွန်မရပါက အခြားသော ရေထွက်ကုန်များကို ဖမ်းဆီးပြီး ဝမ်းစာရှာဖွေလေ့ရှိသည်။ မြိတ်ကျွန်းစုခရီးသွားဒေသများနှင့်ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု မကြုံ့ဂလက်ကျေးရွာသို့ ခရီးသွားရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွားအချို့ ဝင်ရောက်ရာ၌ ဟိုတယ်နှင့် အပန်းဖြေကျွန်းများ ရေထွက်ကုန်ပစ္စည်းများကို မှာယူကြလေ့ရှိရာ မိသားစုဝင်ငွေရရှိလျက်ရှိပြီး ပင်လယ်ပြင်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပါက ဆလုံတိုင်းရင်းသားတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်းတစ်ခုအဖြစ် ရရှိစေလျက်ရှိသည်။

မြိတ်ကျွန်းစုတွင် မကြုံ့ဂလက်ကျေးရွာ၌ ဆလုံတိုင်းရင်းသား အများဆုံးနေထိုင်လျက်ရှိပြီး ပင်လယ်ပြင်ကိုအမှီပြု၍ ဘဝရပ်တည်ရာ၌ ကင်းမွန်ဖမ်းဆီးမှုကို ဘိုးဘွားလက်ဆင့်ကမ်းလုပ်ငန်းအဖြစ် ယနေ့တိုင်လုပ်ကိုင်ကြလျက်ရှိရာ အသက် ၆၀ ကျော်အဘိုး၊ အဘွားများကိုယ်တိုင် ပင်လယ်ပြင်တွင် ကင်းမွန်ဖမ်းဆီးလေ့ရှိကြောင်း၊ ဇန်နဝါရီလအတွင်း ကင်းမွန်ဈေးကောင်းရရှိပြီး ပင်လယ်ပြင်၌ ကင်းမွန်အထိအမိကောင်းသည့်အတွက် ကင်းမွန်မျှားကြသည့် ဆလုံမိသားစုတို့၏ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ပင်လယ်ပြင်၌ ကင်းမွန်ဖမ်းထွက်ခွာသည့် ကဗန်းလှေ၏နောက်တွင် စတော်လှေငယ်များကို တွေ့ရစဉ်။

**သတင်း-ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ဆလုံလူငယ်အသင်း(မကြုံ့ဂလက်)**

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၉**

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေမူကြမ်း စိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် သက်ဆိုင်ရာဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်ချက်နှင့်အညီ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အပြီးသတ်စိစစ်လေ့လာဆွေးနွေးကြပြီး အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပြင်ဆင်ရန်လိုအပ်သည့် အချက်များ တွေ့ရှိရသဖြင့် ပြင်ဆင်လိုသည့်ပုဒ်မများကို အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် မရမ်းကုန်းမြို့နယ်ရှိ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) ထုတ်ပေးရေးလုပ်ငန်းစဉ်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၉**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးတွင် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (OWIC) ထုတ်ပေးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး တာဝန်ခံအရာရှိက ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) စိစစ်ထုတ်ပေးသည့် လုပ်ငန်းစဉ်များနှင့် ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် OWIC ကတ်ထုတ်ပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မရမ်းကုန်းမြို့နယ်ရှိ OWIC ကတ်ထုတ်ပေးရေး ဌာနသည် ပြည်ပနိုင်ငံမှ ခွင့်ပြန်အလုပ်သမားများအတွက်သာ ထုတ်ပေးနေခြင်းဖြစ်ပြီး ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများနှင့် မိမိအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားဌာနစုတွင် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်(OWIC)များကို စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အေဂျင်စီအစီအစဉ်ဖြင့် လည်းကောင်း၊ မိမိအစီအစဉ်ဖြင့် လည်းကောင်း၊ ခွင့်ပြန်/PR ဖြင့် လည်းကောင်း ထိုင်းနိုင်ငံသို့ ၁၁၃၂၀၃၁ ဦး၊ စင်ကာပူနိုင်ငံသို့ ၅၅၂၅၅ ဦး၊ ကိုရီးယားနိုင်ငံသို့ ၆၆၃၈၇ ဦး၊ ဂျပန်နိုင်ငံသို့ ၆၄၇၂၀၊ မလေးရှားနိုင်ငံသို့ ၃၉၀၇၇၇ ဦး အပါအဝင် ပြည်ပနိုင်ငံ ၉၄ နိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမား ၁၇ သိန်းကျော်ကို OWIC ကတ်ပြုလုပ်ခွင့်ပြု၍ စေလွှတ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီးသို့ သွားရောက်၍ အလုပ်သမားဆေးရုံကြီးအတွင်း တိုးချဲ့ပြင်ဆင် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြင်ပလူနာဌာနနှင့် ဆေးရုံကြီးတွင် အာမခံအလုပ်သမားလူနာများ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းများ ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ခေတ္တဆေးရုံအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရေး၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့် အခန်းကဏ္ဍတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်မှတ်ရ စာရင်းရေးစာရင်းကိုင်သင်တန်းသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အခမ်းအနားကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်) လက်မှတ်ရစာရင်းရေး စာရင်းကိုင် နှစ်နှစ်သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး Job Fair အခမ်းအနားကို ယနေ့နံနက်ပိုင်းက သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေက သမဝါယမ စာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)တွင် Business Accounting၊ Financial Accounting၊ Cost Accounting၊ Auditing၊ Computerized Accounting ဘာသာရပ်များကို အဓိကထားပြီး သင်ကြားပေးလျက်ရှိကြောင်း၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းအနေဖြင့် စာရင်းရေးစာရင်းကိုင်နှစ်နှစ်သင်တန်းအောင်မြင်သည့် သင်တန်းသား သင်တန်းသူများကို Certificate in Business Accounting ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်ရှစ်ဦးက မိတ်ဆက်ပြီး ရွှေအိုးဝေ အဆင့်မြင့်ဆန်စက်ပိုင်ရှင် ဦးခိုင်ဦးက လုပ်ငန်းရှင်များကိုယ်စား အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်မည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူ မလင်းနွယ်စိုးက သင်တန်းတက်ရောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ စာရင်းရေးစာရင်းကိုင်နှစ်နှစ်သင်တန်းကို ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် သင်တန်းသား သင်တန်းသူ ၃၅ ဦးဖြင့် ဖွင့်လှစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် သင်တန်းပြီးမြောက်မည်ဖြစ်သောကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ရေးအတွက် Job Fair အစီအစဉ်ကို ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



○ ယခုရက်ပိုင်းမှ

"YBS ယာဉ်တွေ၊ တက္ကစီတွေ၊ ကျန်တဲ့အခြားယာဉ်တွေရောကို သူတို့လိုသလောက် အလုံအလောက်ဖြန့်ဖြူးပေးနေပါတယ်။ ဒါကြောင့် မလိုလည်း CNG အရောင်းဆိုင်တွေမှာ ကားတန်းစီမှုတွေက ဒီရက်ပိုင်းတွေမှာဆိုရင် ဘာမှကိုမရှိသလောက်ပါပဲ"ဟု ဦးကျော်သူရဝင်းက ပြောကြားသည်။

လက်ရှိကာလ၌ YBSများ၊ တက္ကစီများ၊ မီနီဘတ်စ်များ၊ အခြားသောယာဉ်များအပါအဝင်တစ်ရက်လျှင် CNG သုံးမော်တော်ယာဉ် အစီးရေ ၃၀၀၀၀ ဝန်းကျင်ကို နေ့စဉ်ပုံမှန် CNG ဖြည့်ပေးလျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်မီးကတော့ လက်ရှိအနေအထားမှာလည်း CNG အချို့ဆိုင်တွေ အချိန်ပိုင်းတွေနဲ့ရနေသေးတာပေါ့။ အချို့ဆိုင်တွေမှာတော့ တောက်လျှောက်ရတဲ့အပိုင်းတွေရှိတယ်။ ဒါပေမဲ့ မီးပျက်တဲ့အချိန်မှာလည်း ကျွန်တော်တို့ဆီမှာရှိတဲ့ CNG အရောင်းဆိုင်တွေမှာ Gas Generator တွေရှိတဲ့အတွက် မီးပျက်ရင်လည်း Gas Generator တွေနဲ့ နှိုးပြီးရောင်းချပေးပါတယ်"ဟု ဆိုသည်။

လိုအပ်ချက်အပေါ်မူတည်ကာ အချို့ဆိုင်များတွင် အချိန်တိုးမြှင့်ရောင်းချမှုများရှိကြောင်းလည်း သိရသည်။

"အချို့ဆိုင်တွေဆို ကားတန်းမပြတ်ရင် မပြတ်သလို ည ၁၀ နာရီ၊ ၁၁ နာရီ၊ ၁၂ နာရီလောက်အထိ လိုအပ်ရင်လိုအပ်သလိုဖွင့်ပြီးရောင်းချပေးနေတဲ့ဆိုင်တွေလည်းရှိပါတယ်။ ကားတန်းစီနေတဲ့ အနေအထားပေါ်မူ တည်ပြီးရောင်းပေးခဲ့တာပါ။ ၂၀၂၃ ဒီဇင်ဘာရော၊ အခု ဇန်နဝါရီလပိုင်းမှာပါ ကားတန်းစီမှုသိပ်မရှိတော့ဘူး။ မရှိတော့ ၁၁ နာရီ၊ ၁၂ နာရီလောက်အထိ ရောင်းပေးစရာမလိုတော့ပါဘူး။ ၁၀ နာရီလောက်ဆို ကားတန်းပြတ်သွားပြီ"ဟု ၎င်းကပြောသည်။

**MT**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# "ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အောက်ရှိ နယ်စပ်ဖြတ်ကျော်ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်မှုအပေါ် အသိပညာ မျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၃) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပသည်။



**တက်ရောက်**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ဆွေးနွေးမည့် ခေါင်းစဉ်ပါ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သည် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် ငါးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးထားသော ၁၅ နိုင်ငံစာချုပ်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ GDP ၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းခြုံပါကြောင်း၊ ယင်းစာချုပ်အရ မြန်မာနိုင်ငံအပါအဝင် RCEP အဖွဲ့ဝင်နိုင်ငံများအကြား တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အကောက်ခွန်နှုန်းထားများ သတ်မှတ်ခြင်း၊ ပုံမှန်ကုန်သွယ်ရေး (Normal Trade) ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် ဆိုင်ရာကိစ္စရပ်များတွင် Code System ဖြင့်ဆောင်ရွက်ခြင်း၊ Single Window System ဖြင့် သွင်းကုန် ထုတ်ကုန် မြန်ဆန်ချောမွေ့စေရေးဆောင်ရွက်ခြင်း၊ အီလက်ထရောနစ် (Electronic) နည်းပညာဖြင့် စိစစ်ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးချက်ကို သေချာစွာသိရှိနားလည်ပြီး မိမိနိုင်ငံတွင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို နားလည်သိမြင်လာစေရန် အသိပညာ ဗဟုသုတ ဖြန့်ဝေပေးနေခြင်းဖြစ်သည့်အတွက် တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝင်းက တရုတ်နိုင်ငံတွင် တက်ရောက်ခဲ့သည့် "ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အောက်ရှိ နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ရာမှ ရရှိခဲ့သည့် နည်းလမ်းများကို အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက နိုင်ငံဖွံ့ဖြိုးမှုအတွက် အဓိကလုပ်ဆောင်ရမည့်အချက်များ၊ အဂတိကင်းရှင်းရေး ဆောင်ရွက်ရန်အချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှုကျဉ်းမြောင်းစေရေးနှင့် ဆင်းရဲမှုလျော့ကျစေရေး ဆောင်ရွက်ချက်များနှင့် အသိပညာမျှဝေဆွေးနွေးမှုမှတစ်ဆင့် မိမိနိုင်ငံအတွက် အကျိုးရှိစေမည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သာစည်မြို့ အထက(၁)၌ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်

**သာစည် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက ဦးစီး၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ကို ယနေ့နံနက် ၉ နာရီက သာစည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အသိပညာပေး အစီအစဉ်တွင် ပါဝင်မည့်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ "သဘာဝဘေးအန္တရာယ်ဖြစ်လာပြီဆိုရင် ကလေးသူငယ်တွေဟာ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ဆုံးရှုံးနိုင်ခြေအများဆုံး ဖြစ်တတ်တာကြောင့် ကလေးသူငယ်တွေအနေနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ် လျှော့ချရေး အသိပညာဗဟုသုတတွေရရှိဖို့အတွက် သူတို့တွေမှတ်မိလွယ်အောင် ဂိမ်းကစားနည်း ၁၀ မျိုး အသိပညာပေးတဲ့အစီအစဉ်ဖြစ်ပါတယ်ဟု" မြို့နယ်မီးသတ် ဦးစီးမှူးဦးထွန်းထွန်းဝင်းကပြောသည်။ အဆိုပါဂိမ်း ၁၀ မျိုး တွင်မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများ ကို သိရှိနားလည်ပြီး အသုံးပြုတတ်စေရန်၊ ငလျင်ဘေး၊ ရေဘေး၊ မီးဘေးကြုံလာပါက မိမိတို့ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို အသုံးချတတ်စေရန် စသည့်အသိပညာပေးအစီအစဉ်များ၊ လက်တွေ့ပြုလုပ်မှုများကို ကြည့်ရှုအားပေးနိုင်ပြီး ခင်းကျင်းပြသထားသော ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကုန်သွယ်ရေးဇုန်/စခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ တစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီး တည်ဆောက်နိုင်ရေးနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးကော်မတီ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကုန်သွယ်ရေးဇုန်/စခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာ လုပ်ငန်းစဉ်နှင့်အညီ တစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီး တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ လေ့လာသုံးသပ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လေ့လာသုံးသပ် အစီရင်ခံရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက် ခြောက်ချက် ချမှတ်ခဲ့ပြီး ပထမအကြိမ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာသုံးသပ် အစီရင်ခံရေး လုပ်ငန်းကော်မတီများ၊ သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ပြုစုတင်ပြလာခဲ့ရာ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရ သော်လည်း အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသေးသည်ကို တွေ့ရှိရကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာသုံးသပ်အစီရင်ခံရေးလုပ်ငန်း ကော်မတီများ၊ သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ၊ လက်ရှိနယ်စပ်စစ်ဆေးရေးစခန်းများ၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ အခြေအနေ၊ လက်ရှိစခန်းများ၏ ထပ်မံတိုးချဲ့နိုင်မှု၊ (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ် ပို့ကုန်/သွင်းကုန်ပမာဏ၊ နယ်နိမိတ်တိုင်းတာရန် လိုအပ်မှုရှိ/မရှိ အခြေအနေ၊ လျာထားမြေရေိယာ ရရှိနိုင်မှုနှင့် ကုန်ကျမည့် ကုန်ကျစရိတ် တွက်ချက်တင်ပြလာမှု၊ တစ်ဖက်နိုင်ငံမှ နယ်စပ်မျဉ်းအနီး ကုန်သွယ်ရေးဇုန်/ စခန်း တည်ဆောက်ထားမှုနှင့် လက်ရှိ လုံခြုံရေး အခြေအနေတို့အပေါ် မူတည်၍ နယ်စပ်မျဉ်းအနီး ကုန်သွယ်ရေးဇုန်/ စခန်း တည်ဆောက်နိုင်ရေးအတွက် ဦးစားပေးခွဲ၍ ဆောင်ရွက်သင့်သည်ကို တွေ့ရကြောင်း။

သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက် လေ့လာသုံးသပ် အစီရင်ခံရေး လုပ်ငန်းကော်မတီများမှ ဆွေးနွေး တင်ပြချက်များအပေါ် စိစစ်သုံးသပ်ပြီး နိုင်ငံတကာ လုပ်ငန်းစဉ်နှင့်အညီ ကုန်သွယ်ရေး ဇုန်/စခန်း တည်ဆောက်နိုင်မည့်အခြေအနေများကို တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီသို့ သုံးသပ်ပြုစုတင်ပြသွားမည် ဖြစ်ကြောင်း၊ လေ့လာ သုံးသပ်အစီရင်ခံရေး ကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာ သုံးသပ်အစီရင်ခံရေး လုပ်ငန်း ကော်မတီများအနေဖြင့် ကုန်သွယ်ရေးဇုန်/စခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာစံနှုန်း/ လုပ်ငန်းစဉ်များ၊ နိုင်ငံတော်၏ တည်ဆဲ ဥပဒေများနှင့်အညီ ညီညွတ်ခြင်းရှိ/မရှိ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ/မရှိ၊ နိုင်ငံတကာ ဥပဒေစံနှုန်းများ၊ ပြည်တွင်း ဥပဒေများနှင့် ညီညွတ်ခြင်းရှိ/မရှိ၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မှု ရှိ/မရှိစသည်တို့ကို ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှသုံးသပ်၍ ဝိုင်းဝန်း ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချမ်းသာပေးတတ် တရားမြတ်အပေါ် ဖျက်ဆီး၍ ဆင်းရဲပေးနေကြသူများ ...

## မိုးကေနိုင်

မြန်မာနိုင်ငံရဲ့ ၈၀ ရာခိုင်နှုန်းကျော်သော ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ၊ သန်း ၅၀၀ ကျော်သော ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ယုံကြည်ရာ ဗုဒ္ဓဘာသာတရားကို အစွန်းရောက်ဘာသာမဲ့တို့က စော်ကားဖျက်ဆီးနေကြပေပြီ။

> **အကုသိုလ်ကို အကုသိုလ်မှန်းသိနေမှသာ ချမ်းသာအမှန်ကိုရနိုင်ကြောင်း သိရှိအောင်ပြုလုပ်ထားရပါမယ်။ သဒ္ဓါဆိုတဲ့ အားကောင်းတဲ့လက်နဲ့ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ခိုင်မြဲအောင် ကိုင်ဆောင်ထားရပါမယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်ဆိုတဲ့ ကံ ကံရဲ့အကျိုးကို ယုံကြည်ထားရပါမယ်။ ကြည်လင်တဲ့သဒ္ဓါတရားနဲ့ ယုံကြည်ချက်ခိုင်မာမှ သူများက ကိုယ့်ဘာသာတရားအပေါ် စော်ကားမော်ကား လုပ်ခွင့်မရမှာ ခံနိုင်ရည်ရှိမှာဖြစ်**

ကိုယ့်ပြည်တွင်းက လူတွေကိုယ်တိုင်ပင် ကိုယ့်ရဲ့ ဗုဒ္ဓဘာသာကို အကြိမ်ကြိမ် စော်ကားနေကြခြင်း ဖြစ်ပါတယ်။ ဘုရားကိုစော်ကား၊ စေတီကိုဖျက်ဆီး၊ ဆင်းတုတော်တွေ ဖြိုချထုခွဲ၊ သံဃာကိုသတ်၊ ဘုရားကျောင်းကန်တွေကို ကြမ်းကြမ်းတမ်းတမ်း တိုက်ကြခိုက်ကြ စသည်ဖြင့် ဘုရားသာသနာဟာ အကြိမ်ကြိမ်ကျည်သင့်၊ ဗုံးဒဏ်သင့် စော်ကားဖျက်ဆီးခံနေရပါတယ်။

ကာယကံနဲ့ ကျူးလွန်နေတဲ့အပြင် မနောကံ၊ ဝစီကံအားနဲ့လည်း စော်ကားပြောဆိုနေကြတာတွေ ရှိပါတယ်။ မသိလို့လုပ်ကြတယ်၊ မသိတော့လိုချင်၊ လိုချင်လို့ လုပ်ကြပြန်တယ်။ အဝိဇ္ဇာပါတော့ တဏှာပါ လွန်ကုန်ကြတယ်။ လိုချင်တာကိုရအောင် ယူမယ်ဆိုတဲ့လောဘ၊ လိုချင်တာမရတော့ ပြင်းပြင်းထန်ထန် တုံ့ပြန်မယ်ဆိုတဲ့ ဒေါသ၊ ဓမ္မဆိုတာက ဘာလဲ မသိကြတော့ မှားတာမှန်တာ၊ ကောင်းတာမကောင်းတာ ခွဲခြားမသိတတ်တဲ့ ပညာမဲ့၊ ဉာဏ်မဲ့၊ မောဟ အကုသိုလ်တို့လွှမ်းမိုးရာမှာ အကြောင်းအကျိုးဆက်စပ်မှုမသိ ဣဋ္ဌာကိုအနိဋ္ဌထင်၊ အနိဋ္ဌာကို ဣဋ္ဌထင်နေတဲ့ မိစ္ဆာဝါဒီလူတစ်စုဟာဖြင့် လူ့အဖွဲ့အစည်းကြီးရဲ့ သနားစရာလောဘကျွန်၊ ဒေါသကျွန်၊ မောဟကျွန်တွေ ဖြစ်နေကြပါပြီ။

### ဗုဒ္ဓဓမ္မရဲ့ အနှစ်သာရ

ဘာသာတရားအစော်ကားခံရတဲ့အတွက် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ပြည်သူတွေဟာ နှလုံးပူဆွေး မချိတင်ကဲနာကျင်လှပါတယ်။ ဝမ်းနည်းကြရတယ်။ ဘာကြောင့်ပါလဲ...။ မြန်မာနိုင်ငံသားတွေရဲ့ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာတရား၊ ကိုယ့်ယဉ်ကျေးမှု ချစ်စိတ်တွေက နက်ရှိုင်းတဲ့ ဗုဒ္ဓဓမ္မတွေနဲ့ယှဉ်တွဲနေလို့ ဖြစ်ပါတယ်။ အကြောင်းနဲ့ အကျိုးကို မသိတတ်တဲ့သူတွေဟာ ဘုရားကိုမသိ၊ တရားကိုလည်း မသိတော့၊ အရာအားလုံးကိုလည်း မလေးစားတတ်တော့။

သို့ပေမယ့် မြတ်ဗုဒ္ဓရဲ့ ဓမ္မအဆုံးအမတွေမှာတော့ အခြားဘာသာတရားတွေအပေါ် မုန်းတီးရမယ်လို့ မပါပါဘူး။ မီးကိုငြိမ်းစေတဲ့ ရေစင်အေးပမာ အငြိမ်းဓာတ်ပဲ ရှိပါတယ်။ ကိုယ်တိုင်ငြိမ်းချမ်းခြင်းအပြင် တစ်ပါးသူနဲ့ ပတ်ဝန်းကျင်ကိုပါ အေးချမ်းမှုကိုပေးစွမ်းနိုင်ခြင်းကသာ ဗုဒ္ဓဓမ္မရဲ့အနှစ်သာရဖြစ်လေတော့ မြတ်ဗုဒ္ဓရဲ့တရားတော်တွေဟာ သူများအပေါ်မှာ မဖိနှိပ်၊ မချုပ်ချယ်၊ ဖျက်ဆီးစော်ကားခြင်း မရှိပါဘူး။

ဗုဒ္ဓဘာသာဟာ လူတွေကို ယဉ်ကျေးလိမ္မာအောင်သာ သွန်သင်ပေးပါတယ်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကိုပေးတယ်၊ ကိုယ်တိုင်လေ့လာလေ့ကျင့်အားထုတ်ပြီးမှ ယုံကြည်စေပါတယ်၊ သူ့ဘာသာကိုယ့်ဘာသာအစွဲမထား၊ ဘယ်ဘာသာဝင်ကိုမှ ရန်သူလို့ မသတ်မှတ်၊ အပြစ်မရှာ ဒေါသမထွက်၊ ပျက်စီးပါစေ ဆုမတောင်း။ သုစရိုက်တွေစည်ပင်ရာ၊ ဒုစရိုက်တွေပပျောက်ရာ ဒီလိုလောကီ၊ လောကုတ္တရာ အကျိုးဆောင်တဲ့မြတ်ဗုဒ္ဓကိုမှ ဘာကြောင့် စော်ကားနေကြပါလိမ့်။

ဗုဒ္ဓရဲ့ တကယ့်သူတော်စင်တွေဆိုရင် ပြင်ပဗဟိဒ္ဓမီးကို အတွင်းအဇ္ဈတ္တအထိတောင် အကူးမခံ၊ မကူးစက်နိုင်အောင် ကြိုးစားလေ့ရှိကြတယ်၊ ဒီလိုဘာသာတရားမျိုးကိုပင် အားနည်းချက်ဟု မြင်ကြတာလားမသိ၊ ဒါကြောင့် ဓမ္မနဲ့ အဓမ္မ ခွဲခြားမသိသူများက အကြိမ်ကြိမ်စော်ကားခြင်း ဖြစ်ဟန်တူပါတယ်။ မဟုတ်တာ မမှန်တာကို ပြောရမှာ လုပ်ရမှာကို ရှက်ခြင်း၊ ကြောက်တတ်ခြင်းဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအဆုံးအမလည်း ဖြစ်ပါတယ်။ ထို့အတွက် ဗုဒ္ဓတရားတွေဟာ မဟုတ်တာ၊ မမှန်တာအပေါ် ပြုမှားမိမှာကို ရှောင်ဖို့ကြိုးစားရင်းနဲ့ လောကကြီးမှာ တကယ့်ငြိမ်းချမ်းမှုအရသာစစ်စစ်ကို ပေးအပ်လျက်ရှိပါတယ်။

### ယူရင်ယူမိသလောက် ဆိုးကျိုးဖြစ်မည်သာ

ကံကြမ္မာဟာ မကောင်းသူတွေအတွက်တော့ မျက်နှာသာပေးမှာ မဟုတ်ပါဘူး။ မကောင်းတာလုပ်ရင် မကောင်းဝဋ် ပြန်လည်ဝဋ်လည်ပါလိမ့်မယ်။ အကုသိုလ်ကို အများကြီးယူခဲ့ကြလို့ အကုသိုလ်ကြီးသူဟာ မနေ့အမြန် ဒုက္ခရောက်ရမှာသာ

> **ပြုလုပ်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုက ရှိစမြဲပါ၊ မကောင်းတာလုပ်ရင် မကောင်းတာခံ၊ ကောင်းတာလုပ်ရင် ကောင်းတာစံ၊ အဆုံးမှာ ကိုယ်နဲ့ထိုက်တာသာ ရကြပါလိမ့်မယ်။ နှလုံးသွင်းသင့်တာက အချုပ်အခြာပြို့ရင် သာသနာလည်းပြို၊ နယ်မြေပျောက်ရင် သာသနာလည်း ပျောက်ကွယ်မယ်ဆိုတဲ့အချက်ပါပဲ။ ပေးဆပ်ခြင်းများစွာနဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတဲ့အချုပ်အခြာနဲ့ ပိုင်နက်နယ်မြေလိုပါပဲ၊ ဗုဒ္ဓဘာသာကို ရှေးဘိုးဘွားအဆက်ဆက်က ရတနာသဖွယ် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်ခဲ့ကြလို့သာ ယနေ့ ကျွန်တော်တို့မျိုးဆက်တွေ ဗုဒ္ဓဘာသာဝင်ဖြစ်ခွင့်ရတာပါ**

ဖြစ်တယ်။ ယူရင်ယူမိသလောက် ဆိုးကျိုးရကြမှာသာ ဖြစ်ပါတယ်။ ဘာသာတရားကို စော်ကားဖျက်ဆီးရာမှာ ကိုယ်တိုင်မပါဝင်ပေမယ့် အားပေးအားမြှောက်နေသူတွေလည်း အပါယ်ချောက်နဲ့ နီးသူတွေဖြစ်တယ်၊ ကိုယ်တိုင်ကိုယ်ကျလုပ်သူတွေလိုပဲ အလင်းမရ အမိုက်မှောင်မှာ ပျက်စီးကိန်းဆိုက်ပါတယ်။

မီးကိုတိုးတဲ့ ပိုးဖလံဥပမာလိုပေ့ါ...။ မတိုးမိအောင် အထူးရှောင်ကြဉ်ရပါမယ်။ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းကို ဖျက်ဆီးလိုသူတွေဟာ ယဉ်ကျေးမှုကို ဦးစွာဖျက်ဆီးလေ့ရှိကြတယ်ဆိုတာ သိနားလည်ထားရပါမယ်။ ယခုအခါမှာ မသင့်တဲ့ ယဉ်ကျေးမှုစရိုက်တွေနဲ့အတူ စိတ်ဓာတ်တွေပါ ရိုက်ချိုးခံနေရပါတယ်။ အမျိုးချစ်စိတ်နဲ့ နိုင်ငံချစ်စိတ် ပျက်စီးသွားရင် ဘာသာတရားလည်း ဖျက်ဆီးခံရနိုင်ပါတယ်။ ဖျက်ဆီးတတ်တဲ့ လက်နက်အားလုံးမှာ ငွေကျည်ဆန်က မိမိကိုးကွယ်ယုံကြည်ရာကို လွန်စွာဖျက်ဆီးတတ်ပါတယ်။

အားလုံးက သိပြီးဖြစ်ပေမယ့် ဘာသာတရားအပေါ် ငွေက ဖုံးသွားပြီး မရှောင်နိုင်ရင်တော့ သာသနာပျက်ကိန်း ဆိုက်တတ်ပါတယ်။ ဘုရားဦးခေါင်းကိုတူနဲ့ ထုတာကမြင်သာတယ်၊ ဒါကအပြင်စည်း။ အတွင်းစည်းကနေ ငွေကြေးအဂတိနဲ့ မကောင်းစိတ်ဓာတ်နဲ့ ပြုသမျှကတော့ မမြင်သာပါဘူး၊ ငွေရဲ့နောက်မှာ ဟန်ဆောင်မျက်နှာဖုံးပါတတ်ပါတယ်၊ သတိထားဖို့ပါ။ အချို့သော ဟန်ဆောင်လက်အုပ်ချီ ကန်တော့တာတွေ အချို့ဟန်ဆောင်ငွေလှူတာတွေက တကယ့်မင်္ဂလာအစစ်မဟုတ်ပါ၊ ယုံကြည်မှုအတုတွေအဖြစ် ယုံကြည်မှုကို အလွဲသုံးစားလုပ်နေခြင်းလားဟု မြင်ကြည့်ပါ၊ သတိထားပြီး မှန်သောအသိ ဝင်စေချင်ပါတယ်။

### အမှန်သိအောင် လုပ်ထားရမယ့် ဘာသာသာသနာ

ဒါကြောင့် ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓဓမ္မနဲ့ပတ်သက်တဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် "ဝိဇ္ဇာ" ထိုးထွင်းသိမြင်ပြီးမှ "စရဏ" ကျင့်ပြီးရပြီးမှ ဟောကြားတော်မူတဲ့ လေးနက်သော ဓမ္မတရားအလုံးစုံကို အချိန်ရခိုက်လေ့လာသင့်ပါတယ်။ ဓမ္မတရားတွေ မိမိတို့နှလုံးသား၊ အသွေးထဲအသားထဲ စိမ့်ဝင်ကိန်းအောင်းပြီး ပညာဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေအောင် အချိန်ယူပြီး လေ့လာကျင့်ကြံအားထုတ်သင့်ပါတယ်။

**အကုသိုလ်ကို အကုသိုလ်မှန်းသိနေမှသာ ချမ်းသာအမှန်ကိုရနိုင်ကြောင်း သိရှိအောင် ပြုလုပ်ထားရပါမယ်။ သဒ္ဓါဆိုတဲ့ အားကောင်းတဲ့လက်နဲ့ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကိုခိုင်မြဲအောင် ကိုင်ဆောင်ထားရပါမယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်ဆိုတဲ့ ကံ ကံရဲ့အကျိုးကို ယုံကြည်ထားရပါမယ်။ ကြည်လင်တဲ့သဒ္ဓါတရားနဲ့ ယုံကြည်ချက်ခိုင်မာမှ သူများက ကိုယ့်ဘာသာတရားအပေါ် စော်ကားမော်ကားလုပ်ခွင့်မရမှာ ခံနိုင်ရည်ရှိမှာဖြစ်ပါတယ်။**

### ရုပ်ပိုင်းစိတ်ပိုင်းချည့်နဲ့အောင် ဖျက်ဆီးကြလိမ့်မယ်

ငရဲမကြောက်သူတွေက အင်အားသုံးပြီး စေတီတွေဖြိုချ၊ ဆင်းတုတော်တွေ ထုခွဲခံရလို့ ပျက်စီးသွားရင်သော်မှ ရင်ထဲမှာကိန်းအောင်းနေတဲ့ သစ္စာတရားတွေဟာ ပျက်စီးသွားခြင်းရှိမှာ မဟုတ်ပါဘူး။ သို့သော် ယခုကော နောင်မှာပါ ကျွန်တော်တို့ ယခုထက်များစွာ သတိထားရပါတော့မယ်။ ရန်သူက အပြင်စည်းကနေ နိုင်ငံရဲ့ ရုပ်ပိုင်းအင်အားတွေ ချည့်နဲ့အောင်၊ ပြိုကွဲအောင် ဦးစွာပြုလုပ်နေပါပြီ။ အကြောင်းအမျိုးမျိုးပြမယ်၊ ဥပါယ်တံမျဉ်နဲ့လှည့်စားမယ်၊ တစ်ဆင့်မက နှစ်ဆင့်မက လှည့်ကွက်တွေအမျိုးမျိုးပြ အမာအင်အားသုံးစွက်ဖက်မယ်၊ အချင်းချင်းကြား ရန်တိုက်မယ်၊ ကိုယ်ထိလက်ရောက် ပါဝင်တိုက်ခိုက်မယ်။ နောက်ပိုင်း တစ်ဆင့်တက် အတင့်ရဲလာမယ်၊ မိမိမှာရှိနှင့်တဲ့ ပညာဉာဏ်နဲ့အင်အားကို တွက်ချက်သုံးသပ်ပြီး ကောက်ကျစ်စဉ်းလဲလာမယ်၊ နိုင်ငံရဲ့ အသည်းနှလုံး ကိုးကွယ်ရာ ယုံကြည်မှုဘာသာတရား ယဉ်ကျေးမှုကို အတွင်းစည်းကနေ လှိုက်စားပြီး စိတ်ဓာတ်ခွန်အားတွေကို ဖြိုဖျက်ပစ်ကြပါလိမ့်မယ်၊ အထူးသတိရှိကြရပါမယ်။

**မိစ္ဆာဝါဒီတို့ဟာ ကျွန်တော်တို့ရဲ့ ဘာသာသာသနာကို အတိတ်ကလည်းဖျက်ဆီးခဲ့၊ ယခုလည်း ဖျက်ဆီးနေပါတယ်၊ ဘယ်တော့မှရပ်မှာမဟုတ်သလို နောင်လည်း အဆက်မပြတ် ဖျက်ဆီးနေကြဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရဲ့ယုံကြည်မြတ်နိုးအပ်တဲ့ ဘာသာသာသနာကို အထူးတန်ဖိုးထား ကာကွယ်စောင့်ရှောက်ရပါမယ်။ ကိုယ့်ဘာသာသာသနာကို တစ်ပါးသူတွေက ဖျက်ဆီးချင်တိုင်း ဖျက်ဆီးတာကို ဘာသိဘာသာမနေ၊ မဆိုင်သလိုမနေဘဲ နာတတ်ရပါမယ်၊ သံဝေဂယူသင်ခန်းစာယူတတ်ရပါမယ်။ သို့မှသာ ကျွန်တော်တို့ရဲ့ ဘာသာသာသနာဟာ ရှင်သန်မြဲမှာဖြစ်ပြီး အစဉ်ထွန်းတောက်နေမှာ ဖြစ်ပါတယ်။**

အဓိကအချက်က ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အားလုံး ဘာသာသာသနာနဲ့ ဆက်စပ်ပတ်သက်လာရင် အခုထက်ပိုပြီး ညီညွတ်ကြဖို့ပါပဲ။ မစည်းလုံးရင် ဒီထက်ပိုပြီး စော်ကားခံရပါမယ်။ ညီညွတ်နိုင်ဖို့ အမြင်ကျယ်ဖို့လိုပါတယ်။ ဘာသာရေးအသိအမြင်ကြွယ်ဝမှသာ ကိုယ့်ဘာသာကို တန်ဖိုးထားတတ်မှာ ဖြစ်လို့ပါပဲ။ ဘာသာတရားကရတဲ့ ကြောင်းကျိုးဆင်ခြင်နိုင်စွမ်းဟာ လက်တွေ့လောကီနယ်ပယ်မှာ ငြိမ်းချမ်းမှုကိုပေးတဲ့အတွက် ဘာသာတရားကို ဖျက်ဆီးသူဟာ ငြိမ်းချမ်းရေးကို ဖျက်ဆီးတာနဲ့ အတူတူပါပဲ။

ငြိမ်းချမ်းသွားမှာကို ကြောက်သူတွေဟာ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရဖြစ်တဲ့ ဗုဒ္ဓဘာသာကို အကြောက်အကန်ဖျက်ဆီးကြမယ့်အရေးကို သတိရှိကြဖို့လိုပါတယ်။ ဒ့ါအပြင် မြန်မာတို့ရဲ့ အသည်းနှလုံးဖြစ်တဲ့ ဗုဒ္ဓဘာသာကို ဖျက်ဆီးခြင်းဖြင့် ဘုရားသားတော်အပါအဝင် ဗုဒ္ဓဘာသာဝင်တွေရဲ့ မခံချင်စိတ်နဲ့အုံကြွလာမယ့် မြူဆွယ်ထောင်ချောက်ကိုလည်း သတိထားဖို့လိုပါမယ်။

ဘာသာကို ဖျက်ဆီးပြ၊ အမုန်းစိတ်တွေတိုးပွားအောင်လုပ်ပြီး ဖြစ်လာနိုင်တဲ့ပဋိပက္ခတွေရဲ့ အကြောင်းတရားအဖြစ်လည်း ဖန်တီးနိုင်ကြောင်း သတိပြုရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သာသနာတော်ကို ကာကွယ်စောင့်ရှောက်ရမှာကတော့ ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ တာဝန်သာဖြစ်ပါတယ်။ ဆင်းရဲကိုမပေး၊ ချမ်းသာပေးသူတွေဖြစ်အောင် တရားမှန်ကို စောင့်ထိန်းကြရပါမယ်။ မှန်လည်းမမှန်၊ ကိုယ့်အတွက်လည်း အကျိုးမရှိတာတွေ မလုပ်မိအောင် ဂရုပြုကြရပါမယ်။ မှန်လည်းမှန်၊ အများအတွက်လည်း အကျိုးရှိတာတွေလုပ်ရင်း မပြတ်ဖြစ်တဲ့ သံသရာဝဋ်က ရှောင်နိုင်ပါစေ၊ ကိုယ်နဲ့နှိုင်းမရိုင်း၊ ကိုယ်နဲ့တိုင်း အပါယ်လှိုင်းမှာ ပါမသွားအောင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်ပါစေလို့ မျှော်လင့်ပါတယ်။

**ပြုလုပ်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုက ရှိစမြဲပါ၊ မကောင်းတာလုပ်ရင် မကောင်းတာခံ၊ ကောင်းတာလုပ်ရင် ကောင်းတာစံ၊ အဆုံးမှာ ကိုယ်နဲ့ထိုက်တာသာရကြပါလိမ့်မယ်။ နှလုံးသွင်းသင့်တာက အချုပ်အခြာပြို့ရင် သာသနာလည်းပြို၊ နယ်မြေပျောက်ရင် သာသနာလည်း ပျောက်ကွယ်မယ်ဆိုတဲ့ အချက်ပါပဲ။ ပေးဆပ်ခြင်းများစွာနဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတဲ့ အချုပ်အခြာနဲ့ ပိုင်နက်နယ်မြေလိုပါပဲ၊ ဗုဒ္ဓဘာသာကို ရှေးဘိုးဘွားအဆက်ဆက်က ရတနာသဖွယ် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်ခဲ့ကြလို့သာ ယနေ့ ကျွန်တော်တို့မျိုးဆက်တွေ ဗုဒ္ဓဘာသာဝင်ဖြစ်ခွင့်ရတာပါ။**

ကျွန်တော်တို့ခေတ်မှာလည်း နောင်လာမယ့်မျိုးဆက်တွေအတွက် လက်ဆင့်ကမ်းနိုင်အောင် ယခုထက်ပိုပြီး ဝီရိယစိုက်ကြရပါမယ်။ ဒါမှသာ ဗုဒ္ဓသာသနာထွန်းကားရာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို လေးစားယုံကြည်ချစ်မြတ်နိုးလျက် ဘာသာသာသနာအပေါ် ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်မှာ ဖြစ်ပါတယ်။ ။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးတို့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim ကို ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်တွင်းဘဏ်များ၌ ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများနှင့် နိုင်ငံခြားသုံးငွေလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုများ လျင်မြန်ချောမွေ့စေရေးအတွက် ငွေပေးချေမှုစနစ်များ ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေနှင့် ကတ်စနစ် အပြန်အလှန်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံစဉ်။

# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီဂျစ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုအစရှိသော ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်သွားရေးနှင့် လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ်စီမံကိန်းဦးစီးရုံး စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ်စီမံကိန်းဦးစီးရုံးသို့ သွားရောက်စစ်ဆေးသည်။

စစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာမြို့နယ်နှင့်ခရိုင်များမှ မိမိတို့နှင့် သက်ဆိုင်သည့်အပိုင်းများအလိုက် စနစ်တကျ သုံးသပ်ဆောင်ရွက်သွားရန်နှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ရေးကို အလေးပေးဆောင်ရွက်ရန်၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၏စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံတော်မှ အဓိကဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံကိန်းလျာထားချက်များစနစ်တကျ ထည့်သွင်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရန်၊ နိုင်ငံ့ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ လုပ်ငန်းစီမံကိန်းများကို စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာ ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မြဖူးဝေ ငွေစုငွေချေး သမဝါယမအသင်းအစည်းအဝေး ကျင်းပ

**မိုးနဲ ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက် ဌာနစုပေါင်းရုံးဝင်း အတွင်းရှိ မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြဖူးဝေ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရာ သဘာပတိအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းတိုးတက်ရေးအတွက် လမ်းညွှန်အမှာစကားပြောကြားပေးခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် အသင်းသားများက အမှုဆောင်အဖွဲ့ အစီရင်ခံစာဖတ်ကြားခြင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာ ဖတ်ကြားခြင်း၊ နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများ ဖတ်ကြားတင်သွင်းခြင်းတို့ကို တင်သွင်းခဲ့ရာ သဘာပတိအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်က အတည်ပြုပေးခဲ့ပြီး အသင်းသားများနှင့် အပြန်အလှန် အထွေထွေဆွေးနွေးသည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါ အခမ်းအနားတွင် ဆုကြေးငွေအပေါ် အတိုးနှင့် စားသုံးဆီ တစ်လီတာဘူးများကို အသင်းသား ၃၄၄ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**မျိုးညွန့်ရွှေ**

# ပင်လောင်းမြို့နယ်၌ ပြည်သူ့အကျိုးပြု မြေသားလမ်းနှင့် ရေစိမ့်တွင်းသစ် ဖွင့်ပွဲကျင်းပ

**ပင်လောင်း ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ထီတလိကျေးရွာတွင် ပြည်သူ့အကျိုးပြုမြေသားလမ်းနှင့် ရေစိမ့်တွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ထီတလိကျေးရွာ မြေသားလမ်းမုခ်ဦး၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ ပြည်သူ့အကျိုးပြု မြေသားလမ်းနှင့် ရေစိမ့်တွင်းသစ်ကို ထီတလိကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍသာမိ၊ ကျောင်းဒါယကာ ဦးခွန်သိန်းနိုင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခွန်အောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။



အဆိုပါ ပြည်သူ့အကျိုးပြု မြေသားလမ်းဖွင့်ပွဲနှင့်ပတ်သက်၍ ကျေးရွာနာယက ဦးခွန်အောင်သိန်းက ယခုမြေသားလမ်းသည် ကျောင်းထိုင် ဆရာတော်၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၇၆ သိန်းကျော်ဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းအရှည် ၁၃၆၄ ပေနှင့် အကျယ် ၁၅ ပေရှိကြောင်း၊ မြေသားလမ်းမှသည် ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းဖြစ်စေရေးအတွက် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းအားဖြင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ခွန်းဆက်နေ**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၏ ခြောက်ထပ်ရုံးအဆောက်အအုံသစ်နှင့် ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်) အာရ်စီငါးထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားများ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ ခြောက်ထပ်ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဗဟန်းမြို့နယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



**အထောက်အကူပြုပံ့ပိုးပေးလျက်ရှိ**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ကျန်းမာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွား ကောင်စီသည် အထောက်အကူပြုပံ့ပိုးပေးလျက်ရှိ သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ထို့အပြင် သူနာပြုနှင့်သားဖွားများ၏ စည်းကမ်းပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ထိန်းသိမ်းစောင့်ရှောက် သည့် (Regulatory Body) အဖွဲ့အစည်းကြီးလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီအနေဖြင့် ဒေသတွင်းနှင့် အာဆီယံနိုင်ငံများ နှင့်တန်းတူ သူနာပြုနှင့်သားဖွားများ၏ အရည် အသွေးများဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင် ရွက်သွားရမည်ဖြစ်ကြောင်း၊ သူနာပြုနှင့်သားဖွား သင်တန်းကျောင်းများကို အသိအမှတ်ပြုလွှာ (Initial Accreditation Status)များ ပေးအပ်နိုင် ခဲ့ခြင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်း (Continuing Professional Development (CPD) စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင် ခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် က ဂုဏ်ပြုအမှာစကားပြောကြားပြီး ခြောက်ထပ်ရုံး အဆောက်အအုံတည်ဆောက်သည့် မှတ်တမ်းဗီဒီယို ကိုပြသကာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီဥက္ကဋ္ဌထံသို့ ထောက်ပံ့ငွေပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အအုံ သစ်အတွင်းရှိ သူနာပြုနှင့်သားဖွားများ၏ အရည် အသွေးစစ်ဆေးခန်းများ၊ စာကြည့်တိုက်များ၊ မှတ်တမ်းထိန်းသိမ်းထားရှိသည့် အခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာ ရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဗဟိုသားဖွား သင်တန်းကျောင်း(ရန်ကုန်) အာရ်စီငါးထပ် အုပ်ချုပ် ရေးနှင့် စာသင်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အာရ်စီငါးထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခု သင်တန်းကျောင်းသည် သူနာပြုနှင့် သားဖွား သင်တန်းကျောင်း ၅၃ ကျောင်းအနက် နှစ်ပေါင်း ၁၂၀ ကျော်ရှိပြီဖြစ်သည့် သက်တမ်းအရှည်ဆုံး ကျောင်းကြီးဖြစ်ပါကြောင်း၊ ကျောင်းကြီးပိုမိုဖွံ့ဖြိုး တိုးတက်စေရန်နှင့် ခေတ်နှင့်လျော်ညီစေရန် ယခုလို အာရ်စီငါးထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင် အဆောက်အအုံအသစ်ကြီးကို နိုင်ငံတော်ဘဏ္ဍာ ငွေကျပ် ၉၄၅ ဒသမ ၇ သန်း အကုန်အကျခံ တည်ဆောက်ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်) သည် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီမှ “Initial Accreditation Status” အသိအမှတ်ပြုလွှာ ကို ရရှိခဲ့သည့် ကျောင်းတစ်ကျောင်းဖြစ်သည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်နှင့်ပြည်သူလူထု အတွက် တန်ဖိုးရှိလှသည့် အရည်အသွေးပြည့်ဝသော သားဖွားဆရာမများအား စဉ်ဆက်မပြတ် ဆက်လက် မွေးထုတ်သွားရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဗဟိုသားဖွား သင်တန်းကျောင်း(ရန်ကုန်) ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို သင်တန်းကျောင်း သို့ ပေးအပ်သည်။ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာရ်စီငါးထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ် ရှိစာသင်ခန်း၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ တွင် သားဖွားသင်တန်းသူများ သင်ထောက်ကူပစ္စည်း များအသုံးပြု၍ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၈) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ် သင်တန်းအမှတ် စဉ်(၁၂၈)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်**

အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး သင်တန်း သားစံပြဆုကို ဦးစောအယ်ရီး ခတ်ခွဲခန်းကျွမ်းကျင်-၃ အခြေခံ ပညာဦးစီးဌာန ပညာရေးဝန်ကြီး ဌာနကိုလည်းကောင်း၊ သင်တန်း သူစံပြဆုကို ဒေါ်ဟန်နွယ်ညိမ်း စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်-၁ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနကိုလည်း ကောင်း ချီးမြှင့်ခဲ့ပြီး သင်တန်း သား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ် များကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူး များ၊ ပါမောက္ခများ၊ တက္ကသိုလ် သင်ကြားရေး/ စီမံဌာနများမှ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိက ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းငယ် သင်တန်း အမှတ်စဉ်(၁၂၈)သို့ သင်တန်းသား ၁၈၄ ဦး၊ သင်တန်းသူ ၂၁၄ ဦး၊ စုစုပေါင်း ၃၉၈ ဦးတို့ တက်ရောက် ခဲ့ကြပြီး သင်တန်းကာလမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၁၉ ရက်အထိ In-House Learning ဖြင့်လည်းကောင်း တက်ရောက်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## အင်းစိန်မြို့နယ်၌ လမ်းမီးများ စစ်ဆေးပြုပြင်ခြင်းနှင့် အသစ်လဲလှယ်ခြင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်း ဒေသကြီး အင်းစိန်မြို့နယ်အတွင်း လမ်းမီး များ စစ်ဆေးပြုပြင်ခြင်းနှင့် အသစ်လဲလှယ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာ ရုံး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ရေးကော်ပိုရေးရှင်း၊ လမ်းမီးဌာန မှ ဝန်ထမ်းများက အင်းစိန်မြို့နယ် မင်းဓမ္မလမ်းနှင့် ပြည်လမ်းထောင့် ရှိ High Mast တစ်ခု၊ လမ်းမီး ရှစ်လုံး အသစ်လဲလှယ်ခြင်း၊ အောက်မင်္ဂလာဒုံလမ်း (အင်းစိန် ပြည်သူ့ဆေးရုံကြီး နောက်ကျော) တစ်လျှောက်ရှိ လမ်းမီးငါးလုံး စစ်ဆေးပြုပြင်ခြင်းနှင့် သီရိ မင်္ဂလာ လမ်းတစ်လျှောက်ရှိ လမ်းမီးသုံးလုံး စစ်ဆေးပြုပြင်ခြင်း နှင့် ၁၀ လုံး အသစ်လဲလှယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**မြင့်ဦး**



# ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၉

ကရင်ပြည်နယ် မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၄၃ ဦး၊ အုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင် ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုဗီဒီယို မှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋီ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနဲ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရပါသည်-



**ဦးအောင်သူဝင်း**
**ဒုတိယညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်သာသနာရေး**

ကရင်ပြည်နယ်မှ ဂေါပကအဖွဲ့တွေကို စုစည်းပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ဖို့အတွက် ဂေါပကအဖွဲ့ စုစုပေါင်း ၄၈ ဦးကို ဦးဆောင်ပြီး ကရင်ပြည်နယ်မှ လာရောက်ခဲ့တာပါ။ အခုလို လာရောက်ရတာကတော့ အမျိုးသားရေးစိတ်ဓာတ် ပိုမိုနိုးကြားတက်ကြွစေရန်၊ လက်မှုလက်ရာတွေဖြစ်တဲ့ မြန်မာယဉ်ကျေးမှု လက်ရာတွေကို လေ့လာနိုင်စေရန် ရည်ရွယ်ပြီး လာရောက်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ကတော့ ဒါပထမဆုံး လာရောက်ဖူးမြော်ရတာပါ။ အချိန်တိုအတွင်းမှာ စကျင်ကျောက်တုံးကြီးကို ကမ္ဘာ့အကြီးမားဆုံး ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်ကြီးကို ခေတ်မီနည်းပညာတွေနဲ့ ရှေးမူမပျက် ထုဆစ်ပုံဖော်ထားတာတွေ့ရတော့ သာသနာအတွက် ဂုဏ်ယူမိတဲ့အပြင် ဆောင်ရွက်လုပ်ဆောင်နိုင်အောင် လမ်းညွှန်စီစဉ်ဆောင်ရွက်ပေးသူတွေအားလုံးကိုလည်း လေးစားမိပါတယ်။ အခုလို ခရီးစဉ်ကို မကြာခဏဆိုသလို စီစဉ်ဆောင်ရွက်ပေးနိုင်ရင် ကောင်းပါတယ်။ အခုဆိုရင် ဂေါပကတွေက အကုန်နီးပါး အသက် ၇၀ ကျော်တွေကများပါတယ်။ ဒီကိုရောက်ရှိဖို့ဆိုတာကလည်း တစ်ခါမှ မစဉ်းစားမိခဲ့ပါဘူး။ အားလုံးက ကြည်နူးဝမ်းသာမိကြပါတယ်။ စီစဉ်ဆောင်ရွက်ပေးသူတွေကိုလည်း သူတို့ကိုယ်စား အများကြီးကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။



**ဦးရဲထွန်း ရွှေမြင်းဝန်စေတီ**
**ဂေါပက အတွင်းရေးမှူး**

မာရဝိဇယ ဘုရားကြီးကို လာရောက်ဖူးချင်နေတာ ကြာပါပြီ။ တီဗွီမှာတော့ တွေ့မြင်ခဲ့ရပါတယ်။ ကိုယ်တိုင် ရောက်ရှိတော့မှပဲ ဒီလောက်ထိအောင် အမျိုးဘာသာသာသနာအတွက် ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီနေရာကို ရောက်ရှိဖို့အတွက် ဆောင်ရွက်ပေးတဲ့ မြဝတီမြို့နယ်မှ အကြီးအကဲများနဲ့ ပြည်နယ် အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလက်တွေ့မှာတော့ တီဗွီမှာ ကြည့်ရတာထက် အဆပေါင်းများစွာ တည်ဆောက်မှု၊ ခမ်းနားမှု၊ တင့်တယ်မှု၊ အနုပညာလက်ရာကောင်းမှုတွေကို မျက်ဝါးထင်ထင်တွေ့ မြင်ရတဲ့အတွက် ကျွန်တော့်သက်တမ်းမှာဆိုရင်တော့ ဒါမျိုးမကြုံဖူးခဲ့ပါဘူး။ ကမ္ဘာကတောင် အသိအမှတ်ပြုပြီး အမျိုးဘာသာသာသနာအတွက် ဂုဏ်ယူလောက်အောင် ဖြစ်မိတဲ့အပြင် အခုပြောရင်းနဲ့ပင် ဝမ်းသာဂုဏ်ယူပီတိဖြစ်မိပါတယ်။



**ဦးစောအုန်းတင်**
**စေတီသုံးဆူညီနောင်**
**ဂေါပကအတွင်းရေးမှူး**

စေတီသုံးဆူညီနောင်ကတော့ ရှေးဟောင်းသမိုင်းဝင် စေတီတော်တွေဖြစ်တဲ့အတွက် ခေတ်အဆက်ဆက်က ဆရာတော်ကြီးတွေ၊ ဂေါပကအဖွဲ့တွေကနေ ထိန်းသိမ်းခဲ့တာပါ။ အခုဆို မာရဝိဇယဘုရားကြီးကိုလာရောက်ဖူးမြော်လေ့လာရတဲ့အတွက် ခေတ်မီနည်းပညာတွေနဲ့ တည်ဆောက်မှုလုပ်ငန်း၊ ထိန်းသိမ်းဆောင်ရွက်နေမှုတွေကို တွေ့မြင်ရတော့အတုယူဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တွေ၊ ဂေါပကရုံးတွေ စသည်အားဖြင့် စနစ်တကျပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်လုပ်ဆောင်သွားမှာပါ။ လာရောက်ဖူးမြော်ချင်နေတာတော့ ကြာပါပြီ၊ အခွင့်အရေးလည်း မသင့်၊ အကြောင်းလည်း မတိုက်ဆိုင်တဲ့အတွက်ပြည်နယ်အစိုးရအဖွဲ့ကနေ စနစ်တကျစီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်မိပါတယ်။



**ဦးစောစံတင် ဂေါပကအဖွဲ့**

နိုင်ငံတော်ရဲ့ စီမံလမ်းညွှန်မှု၊ ပြည်နယ်အစိုးရ အကြီးအကဲတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ မာရဝိဇယဘုရားကြီးကို အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ကြည်နူးဝမ်းသာ မိပါတယ်။ လာရောက် ရမယ်လို့လည်း မျှော်လင့်မထားခဲ့ပါဘူး။ လာရောက်ဖူးမြော်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ အခုဆို မာရဝိဇယဘုရားကြီးက ထုဆစ်ပုံဖော်မှု အနုပညာလက်ရာ၊ ရှေးမူမပျက်တည်ဆောက်ထားမှုတွေကတော့ အခုခေတ်နှင့် ရှေးမူမပျက် ပေါင်းစပ်ပုံဖော်မှုတွေကဖြင့် ကမ္ဘာကပင် အတုယူလေးစားလောက်တဲ့ လက်ရာတွေပါ။ ဒါကလည်း အများအားနဲ့ စုပေါင်း လှူဒါန်းပေမယ့်လည်း နိုင်ငံတော်ရဲ့ စီမံဆောင်ရွက်မှုတွေက အဓိကကျလှပါတယ်။ လေးစားအတုယူစရာ ကောင်းလှပါတယ်လို့ပဲ ပြောချင်ပါတယ်။



**ဦးလှကြိုင် ရွှေရင်မျှော်ဘုရား**
**ဂေါပကအတွင်းရေးမှူး**

လာချင်နေတာတော့ ကြာပါပြီ။ ပြည်နယ်အစိုးရရဲ့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ဖူးမြော်ရတာ အများကြီး ဝမ်းသာပါတယ်။ အခုလို လာရောက်ရတဲ့အတွက် ဘုရားလည်းဖူးရ၊ အတုယူစရာတွေလည်း အများကြီး တွေ့ရပါတယ်။ နိုင်သလောက်ဆိုသလို မြို့ကျက်သရေဆောင် ရွှေရင်မျှော်ဘုရားကြီးကို ဘယ်လိုရှေ့ဆက်လုပ်ဆောင်ရမယ်ဆိုတာကို သိရပါတယ်။ ခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်။



**ဦးလှဌေး**
**ကျောက်ကလတ်ဘုရားဂေါပက**

ကရင်ပြည်နယ် အစိုးရအဖွဲ့ကနေ ဆောင်ရွက်ပေးမှုနဲ့အတူ မာရဝိဇယ ဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရရှိတာပါ။ ပြည်နယ်၊ တိုင်းဒေသကြီးက ဂေါပကအဖွဲ့တွေလည်း အလှည့်ကျ လာရောက်ဖူးမြော်ကြတာတွေကို တီဗွီသတင်းမှာကြည့်ပြီး လာရောက်ဖူးမြော်ချင်နေတာပါ။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ရတဲ့အတွက် တွေ့မြင်ရတဲ့ မြင်ကွင်းက ကြည်နူးမိတဲ့အပြင် တည်ဆောက်ထားတဲ့သူတွေအားလုံးကိုလည်း လေးစားမိပါတယ်။ နိုင်ငံတိုင်းမှာ မိမိတို့ကိုးကွယ်ယုံကြည်ရာတွေ အမျိုးမျိုးရှိကြပါတယ်။ မြန်မာလူမျိုးတို့အတွက်ကတော့ မိမိကိုးကွယ်ရာ၊ ယုံကြည်ရာ အထွတ်အမြတ်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို စကျင်ကျောက်ဖြင့် ထုဆစ်ပုံဖော်တည်ဆောက်ပြီး ကမ္ဘာ့အကြီးမားဆုံး ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးကို အချိန်တိုကာလတိုအတွင်းမှာ တည်ဆောက်နိုင်ခဲ့တာက ကမ္ဘာကပင် လေးစားဂုဏ်ယူလောက်ပါတယ်။

**ကျော်လွင်(မြဝတီ)**

---

**❖ မြန်မာနိုင်ငံမှ**

Junior အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းပွဲစဉ်များ ပါဝင်မည်ဖြစ်ပြီး ဝါသနာရှင်အဆင့်တွင်(အမျိုးသား) (H'cap 0–12) အဆင့်နှင့် (အမျိုးသမီး) (H'cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို R&A Rule Limited နှင့် USGA တို့၏ Rule of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ ပထမဆုံးပြိုင်ပွဲဖြစ်သော Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ဖုန်း- ၀၉-၄၂၁၀၀၂၂၅၉ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကျန်ပြိုင်ပွဲများအတွက် စာရင်းပေးသွင်းမှုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။

**ကိုညီလေး**

# တို့ဘိုးဘွားများရဲ့အမွေ အဖိုးတန်မြေ

ခင်သန်းမြင့်

**ယခုရက်ပိုင်း ဈေးထဲမှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေက စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ်နဲ့ ဝယ်ချင်စရာတွေချည်းပဲ။ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ သခွား၊ မုန်လာ၊ ဘူး၊ ဖရုံ၊ ဘူးညွန့်၊ ဖရုံညွန့်၊ ပဲညွန့်၊ ကန်စွန်း၊ နံနံ၊ ပူဒီနာတွေ၊ ကန်စွန်းဥ၊ ပဲမြစ်၊ ဖရဲ၊ ထောပတ်၊ လိမ္မော်၊ ပန်းသီး စတဲ့အသီးအနှံတွေ၊ အသီးအရွက်တွေက မျိုးစုံအောင်ပါပဲ။**

ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးလတွေက မြန်မာပြည်ရဲ့ ကောက်ပဲသီးနှံတွေပေါ်ချိန်၊ မြေပေါ်သီးနှံ၊ မြေအောက်သစ်ဥသစ်ဖုတွေ အလျှံပယ်ထွက်တဲ့ ရာသီချိန်မဟုတ်လား။ ဒ့ါအပြင် လူတွေစိုက်ပျိုးပြုပြင်စရာမလိုတဲ့ တမာ၊ ခံတက်၊ ရင်းတိုက်၊ လဲလူ၊ မန်ကျည်း စတဲ့သက်ကြီးပင်တွေဆိုလည်း ရွက်ဟောင်းကြွေညောင်း၊ ရွက်နုပြောင်းပြီဆိုရင်ဖြင့် စားလို့မကုန်၊ ခူးလို့မကုန်အောင်ပါ။ နှစ်စဉ်မှန်မှန် အဆင်သင့်ဆွတ်ခူးစားသုံးရုံပဲ။ တောနယ်တွေမှာဆိုရင် ရောင်းဝယ်ဖို့နေနေသာသာ ဘယ်သူ့အပင်၊ ဘယ်သူ့ခြံကလို့တောင် မခွဲခြားဘူး။ တက်နိုင်သူ ခူးသွားပေရော့ပဲ။ တစ်နပ်စာပိုခူးခဲ့ဖို့တောင် လမ်းကြုံမှာလို့ရပါသေးတယ်။

မြန်မာနိုင်ငံဆိုတာကလည်း အရှေ့တောင်အာရှမှာ အင်ဒိုနီးရှားပြီးရင် ဒုတိယအကြီးဆုံးနိုင်ငံ၊ မြေဆီသြဇာကလည်း စိုက်လို့ပျိုးလို့ အင်မတန်ကောင်းတဲ့ မြေဆိုတော့ နိုင်ငံတစ်ဝန်းလုံး သူ့ဒေသနဲ့သူ၊ သူ့ရာသီနဲ့သူ စိုက်လို့ပျိုးလို့ မဖြစ်ထွန်းတဲ့သီးနှံရယ်လို့ မရှိပါဘူး။

### နိုင်ငံအတွက် ပြည်ပဝင်ငွေရှာပေးနိုင်

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ဆန်စပါးနဲ့ အထက်အညာဒေသက ပဲမျိုးစုံသီးနှံတွေဆိုရင် ပြည်တွင်းစားသုံးမှုသာမက နိုင်ငံအတွက် ပြည်ပဝင်ငွေရှာပေးနိုင်တဲ့အထိပါပဲ။ တနင်္သာရီတိုင်းဒေသကြီးမှာဆို ဆီအုန်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာ ရော်ဘာနဲ့ ဒူးရင်း၊ မင်းကွတ်စတဲ့ ဥယျာဉ်ခြံထွက်သီးနှံတွေ၊ ပြင်ဦးလွင်၊ ရွာငံ စတဲ့ဒေသတွေမှာ ကော်ဖီ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်ထွက် လက်ဖက်၊ လိမ္မော်၊ ထောပတ်၊ ပန်းသီး၊ ရခိုင်ပြည်နယ်မှာ ငရုတ်ကောင်း စသဖြင့် ရေတွက်လို့ မကုန်နိုင်အောင်ပါ။ ဆန်စပါးဆိုရင် မြန်မာမျိုးရင်း ပေါ်ဆန်းမွှေးက ကမ္ဘာကျော်သလို အခုနောက်ပိုင်း ရွှေဘိုပေါ်ဆန်းဆိုလည်း ရန်ကုန်အပါအဝင် မြို့ကြီးပြကြီးတွေမှာ ရောင်းတမ်းဝင် ဈေးအမြင့်ဆုံးပါ။

စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံပီပီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ကျွန်မတို့အားလုံး ဖိဖိစီးစီး အာရုံစိုက်ပြီး ကြိုးပမ်းလုပ်ဆောင်ကြမယ်ဆိုရင် နိုင်ငံတော်အတွက်လည်း စားရေရိက္ခာဖူလုံရုံသာမက နိုင်ငံ့ဝင်ငွေလည်း ယခုထက် ပိုမိုတိုးတက်လာမှာ အမှန်ပါပဲ။

ယခုနှစ်သစ်ကူးကာလအတွင်းမှာပဲ မြန်မာ့လယ်ယာထွက်ကုန်တွေကို ပြည်ပနိုင်ငံတွေရဲ့ ဝယ်လိုအားမြင့်တက်လာတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရက်သတ္တပတ်အတွင်း ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံနဲ့ အခြားပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ သခွား၊ သစ်သီးဝလံတွေ၊ ရော်ဘာစိမ်း၊ ကြက်သွန်နီစတဲ့လယ်ယာထွက်ကုန်တွေ ပြည်ပနိုင်ငံတွေကို ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ဆိုတယ်။

ပဲမျိုးစုံတန်ချိန် ၂၄၇၇၉ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂၀ သန်းကျော်ရရှိခဲ့ပြီး ပါကစ္စတန်၊ ထိုင်း၊ ယူအေအီး၊ ဗီယက်နမ်၊ ကနေဒါ၊ အမေရိကန်၊ ဂျပန်နိုင်ငံတွေကို အရင်ရက်သတ္တပတ်ထက် ပင်လယ်ရေကြောင်းကတင်ပို့မှုတွေ ပိုမိုတိုးတက်လာတယ်လို့ သိရတယ်။ နှမ်းမျိုးစုံဆိုလည်း နှစ်သစ်ကူးကာလအတွင်း ဝယ်လိုအားတွေမြင့်တက်နေပြီး တရုတ်နိုင်ငံကို အရင်အပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့တဲ့အပြင် ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ထိုင်ဝမ် (တရုတ်တိုင်ပေ)တို့ကလည်း ဝယ်လိုအားများပြားလာတယ်လို့ ဆိုတယ်။ နှမ်းနက်တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၃၈၀ မှ ၁၈၁၅ ဒေါ်လာအထိ ဈေးရရှိတယ်လို့ ဆိုပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံက ပြည်ပဝယ်လက်နိုင်ငံတွေကို ပို့ကုန် အမေရိကန်ဒေါ်လာ ၂၂၆ သန်းကျော် တင်ပို့နိုင်ခဲ့ရာမှာ လယ်ယာထွက်ကုန်ပစ္စည်းက ဒေါ်လာ ၇၂ သန်းကျော်၊ ရေထွက်ပစ္စည်းက ဒေါ်လာ ၁၆ သန်းကျော်နဲ့ စက်မှုကုန်ချောက ဒေါ်လာ ၁၆၆ သန်းကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။

> **"တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကလည်း သူ့အလှနဲ့သူ၊ သူ့အားသာချက်နဲ့သူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ စုစည်းတည်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတစ်ခုတည်းနဲ့တင် ဒေသတွင်းနိုင်ငံတွေကြားမှာ အေးအေးဆေးဆေး ယပ်ခတ်ပြီး စီးပွားရှာစားလို့ရပါတယ်။**
>
> **ဒါပေမဲ့ ဒီအခွင့်အလမ်းတွေကို ကျွန်မတို့အခွင့်ကောင်း မယူနိုင်ခဲ့ကြပါဘူး။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ အချင်းချင်းတိုက်လို့ ခိုက်လို့ မပြီးနိုင်ကြတော့ဘူး။ အင်အားကြီးနှစ်နိုင်ငံကြားက ပထဝီနိုင်ငံရေးအားသာချက်ဟာ ပြည်တွင်း၊ ပြည်ပ ပယောဂမျိုးစုံကြောင့် ယခုတိုင် အချင်းချင်းစိတ်ဝမ်းကွဲပြီး ပထဝီနိုင်ငံရေးကျိန်စာသင့်သလို ဖြစ်ခဲ့ရ"**

### လယ်ယာထွက်ပစ္စည်းတင်ပို့မှုတစ်ခုတည်းက ဒေါ်လာ ၆၆ သန်းကျော်ရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ဇန်နဝါရီလ ၅ ရက်နေ့အထိ ရက်သတ္တပတ်အတွင်းမှာလည်း မြန်မာနိုင်ငံရဲ့ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်အနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုတစ်ခုတည်းက ဒေါ်လာ ၆၆ သန်းကျော် ရရှိခဲ့တယ်လို့ သိရတယ်။

လယ်ယာကဏ္ဍက ပြောင်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေပဲဆန်၊ နှမ်း၊ ကြက်သွန်နီ၊ ချင်းခြောက်၊ မန်ကျည်းသီး၊ သစ်သီးဝလံ၊ ဖရဲသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ တစ်သျှူးငှက်ပျောသီး၊ ငှက်ပျောသီး (ရိုးရိုး) တို့ကို ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့လည်း ဆိုတယ်။

ဒါပေမဲ့ ဆင်ဟွာသတင်းဌာနရဲ့ထုတ်ပြန်ချက်အရဆိုရင်တော့ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ (သန်းပေါင်းလေးထောင်ကျော်) ရရှိခဲ့ပြီး တရုတ်၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံကို အဓိကတင်ပို့ခဲ့ရာမှာ တရုတ်နိုင်ငံက အဓိကဝယ်ယူခဲ့တယ်လို့ သိရတယ်။

မသိသူကျော်သွား၊ သိသူဖော်စားဆိုတဲ့စကားက မြန်မာနိုင်ငံအတွက်ပဲ ရည်ညွှန်းလေရော့သလားလို့ ကျွန်မဖြင့်ဖတ်ရင်းစဉ်းစားမိတယ်။ မြန်မာနိုင်ငံဆိုတာ ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံကြားမှာတည်ရှိတဲ့အပြင် ရာသီဥတုမျှတပြီး စိုက်လို့ပျိုးလို့၊ မွေးလို့အင်မတန်ကောင်းတဲ့ နိုင်ငံဖြစ်လျက်သားနဲ့ အခွင့်ကောင်းတွေကို အရမယူနိုင်ဘဲ အကြိမ်ကြိမ်လွဲချော်ခဲ့တယ်။ လွဲချော်တယ်ဆိုတာထက် ပုတ်ချခဲ့တယ်လို့ပြောရင် ပိုမှန်မယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတစ်ခုတည်း ဖြစ်ထွန်းတာမဟုတ်ပါဘူး။ မြေပေါ်မြေအောက်သဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတယ်။ ရှည်လျားတဲ့ကမ်းရိုးတန်းတွေ၊ သာယာလှပတဲ့ သဘာဝရှုမျှော်ခင်းတွေနဲ့ ဘုရား၊ ပုထိုး၊ စေတီ စတဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကြောင့် ကမ္ဘာက The Golden Land of Myanmar (ရွှေနိုင်ငံ) ရယ်လို့ တင်စားခဲ့ကြတဲ့နိုင်ငံ ဖြစ်ပါတယ်။

### စီးပွားရှာစားလို့ရ

ကချင်ပြည်နယ်က ရေခဲတောင်တွေဟာ အရှေ့တောင်အာရှမှာ မြန်မာတစ်နိုင်ငံတည်းမှာသာ တည်ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုက ပင်လယ်ကမ်းခြေတွေဟာ ယခုတိုင် သဘာဝအတိုင်း မပျက်မယွင်းရှိနေဆဲပါ။ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီမြစ်တို့ဟာ သူ့အလှနဲ့သူ ဧရာဝတီထဲကို ပေါင်းဆုံစီးဆင်းသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကလည်း သူ့အလှနဲ့သူ၊ သူ့အားသာချက်နဲ့သူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ စုစည်းတည်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တစ်ခုတည်းနဲ့တင် ဒေသတွင်းနိုင်ငံတွေကြားမှာ အေးအေးဆေးဆေး ယပ်ခတ်ပြီး စီးပွားရှာစားလို့ရပါတယ်။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာကတော့ ဒီအခွင့်အလမ်းတွေကို အထက်ကပြောခဲ့သလိုပဲ ကျွန်မတို့ အခွင့်ကောင်းမယူနိုင်ခဲ့ကြပါဘူး။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ အချင်းချင်းတိုက်လို့ ခိုက်လို့မပြီးနိုင်ကြတော့ဘူး။ အင်အားကြီးနှစ်နိုင်ငံကြားက ပထဝီနိုင်ငံရေးအားသာချက်ဟာ ပြည်တွင်း၊ ပြည်ပ ပယောဂမျိုးစုံကြောင့် ယခုတိုင် အချင်းချင်းစိတ်ဝမ်းကွဲပြီး ပထဝီနိုင်ငံရေးကျိန်စာသင့်သလို ဖြစ်ခဲ့ရတယ်။

လက်ရှိကာလမှာဆိုရင် ပြည်ပနိုင်ငံကြီးအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေနဲ့အတူ ဒေသစွဲ၊ လူမျိုးစွဲ အစွန်းရောက်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ဆောင်လာကြတယ်။ ပါဝါလေဟာနယ်ဖြစ်သွားတဲ့ဒေသအချို့မှာဆိုရင် အကြမ်းဖက်သောင်းကျန်းသူတွေဟာ လက်နက်အားကိုးနဲ့ ဒေသခံတိုင်းရင်းသားတွေအပေါ် အမိန့်အမျိုးမျိုးထုတ်ပြန်ပြီး အတင်းအဓမ္မ လူသစ်စုဆောင်းနေကြတဲ့အပြင် ဘုရားစေတီပုထိုးတွေ၊ ဗုဒ္ဓဆင်းတုတော်တွေကိုပါ ဖျက်ဆီးစော်ကားလာခဲ့ကြပါတယ်။

အကြမ်းဖက်သောင်းကျန်းသူတွေက အခုလို ဘုရားစေတီပုထိုးတွေ၊ ဗုဒ္ဓဆင်းတုတော်တွေကို ဖျက်ဆီးစော်ကားလာမှုအပေါ် မခံမရပ်နိုင်တဲ့ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားတွေ၊ ရဟန်းရှင်လူပြည်သူတွေက "ဗုဒ္ဓဘာသာဝင်များကိုးကွယ်အထွတ်အမြတ်ထားရာ ဘုရားစေတီပုထိုး၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများအား (ဆန့်ကျင်ကြ)"၊ "အမျိုးဘာသာသာသနာအား ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့များ(အလိုမရှိ)"၊ "သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူများ(ကျရှုံးပါစေ)"၊ "ဘုရားစေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ (ကျရှုံးပါစေ)" စသည်ဖြင့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဆန္ဒထုတ်ဖော် ကန့်ကွက်ရှုတ်ချလျက်ရှိပါတယ်။ ဘာသာရေးအသင်းအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေကလည်း ကန့်ကွက်ရှုတ်ချတဲ့ သဘောထားကြေညာချက်တွေကို ဆက်တိုက်ထုတ်ပြန်လျက်ရှိပါတယ်။

### ကန့်ကွက်ဆန္ဒပြခဲ့ကြ

မြန်မာပြည်သူတွေဟာ အမျိုးဘာသာသာသနာနဲ့ပတ်သက်လာရင် အခုမှမဟုတ်ပါဘူး။ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်လက်အောက်မှာတောင် အင်္ဂလိပ်လူမျိုးအပါအဝင် အနောက်ဥရောပသားတွေက ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဘုရားစေတီပုထိုးများအပေါ် ဖိနပ်စီးတက်ကြလို့ ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်းကြီးက ဦးဆောင်ပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြတဲ့အတွက် အဲဒီနောက်ပိုင်းမှာ ဘုရားစေတီပုထိုးတွေပေါ်ကို နယ်ချဲ့အင်္ဂလိပ်တွေ ဖိနပ်စီးပြီး မတက်ရဲကြတော့ပါဘူး။

ဒီလိုပြောလို့ ကျွန်မကိုဖြင့် ဘာသာရေးအစွန်းရောက်နေသူတစ်ဦးလို့လည်းမထင်ပါနဲ့။ ကျွန်မတို့ ကိုးကွယ်ယုံကြည်တဲ့ဗုဒ္ဓဘာသာဟာ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ပါ။ ကာမဂုဏ်တို့၌ အဖန်တလဲလဲ မှီဝဲသုံးဆောင်ခြင်း၊ ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင်ကျင့်ခြင်းဆိုတဲ့ အစွန်းနှစ်ပါးကိုဖယ်ခွာပြီး မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းစဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ကျင့်ကြံပွားများ အားထုတ်ရတဲ့ ဘာသာဖြစ်ပါတယ်။ ဒီမိုကရေစီစံနှုန်းအရလည်း လွတ်လပ်စွာကိုးကွယ်ခွင့်အပေါ် ကျွန်မတို့ လေးစားအလေးထားပါတယ်။

သို့ပေမယ့် ပြည်ထောင်စုကိုဖြိုခွဲမယ့် အကြံအစည်၊ လုပ်ရပ်တွေ၊ ဘာသာသာသနာအပေါ် ဖျက်ဆီးစော်ကားတဲ့အပြုအမူလုပ်ရပ်တွေကိုတော့ ပြည်ထောင်စုကို ချစ်တဲ့သူတိုင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကိုလိုလားတဲ့ ပြည်ထောင်စုသားတိုင်းက ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့ ဆန့်ကျင်ကန့်ကွက်၊ ရှုတ်ချကြရမှာပါပဲ။ တစ်ခေတ်တစ်ခါက မြန်မာ့ရုပ်မြင်သံကြားမှာ အမြဲလွှင့်ထုတ်နေကျ ရတနာမြေအားလေးစားဆိုတဲ့ စာသားပါသီချင်းလိုပဲ "ဒီမြေပေါ်မှာ နေထိုင်ခဲ့တဲ့ ကျေးဇူးတရားကိုနားလည်ရင်း ရတနာမြေအားလေးစား"ဆိုတဲ့အတိုင်း ကျွန်မတို့ ဘိုးဘွားတွေရဲ့အမွေ အဖိုးတန်မြေကို ကျွန်မတို့မှ တန်ဖိုးထား မလေးစားရင် ဘယ်သူကတန်ဖိုးထား လေးစားကြမှာလဲ။

နိုင်ငံတော်သီချင်းထဲက "ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည် ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ အဖိုးတန်မြေ"ဆိုတဲ့ စာသားက မျိုးဆက်တွေအတွက် အလကားရေးစပ်ထားခဲ့တာမှမဟုတ်တာ။ တို့ဘိုးဘွားအမွေအနှစ်မို့ ပြည်ထောင်စုသားတိုင်း ချစ်မြတ်နိုးကြဖို့၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့ လိုအပ်တာပေါ့။ ။

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ ရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၉**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ (Standard Operating Procedure –SOP)ရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး -၂ က SOP မူကြမ်းပါအချက်များကို ရှင်းလင်းတင်ပြရာ ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ရေးဆွဲထားသည့် SOP မူကြမ်း၏ အကြောင်းအရာ တစ်ချက်ချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ၊ ရွာမြေကဲ့သို့ အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်းမျိုးသည် တည်ဆဲလယ်ယာမြေဥပဒေနှင့် လယ်ယာမြေနည်းဥပဒေများကို မျက်ကွယ်ပြုဆောင်ရွက်နေခြင်းဖြစ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးမြေများ မလျော့ပါးစေရေးနှင့် တိုးပွားလာသော ပြည်သူလူထုအတွက် နေထိုင်နိုင်ရန် မြေနေရာလုံလောက်ရေး၊ တိုးတက်ဖွံ့ဖြိုးလာသော စက်ရုံအလုပ်ရုံများအတွက် မြေနေရာအသုံးပြုနိုင်ရေးတို့ကို အခြေခံ၍ အဆိုပါလိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် Standard Operating Procedure – SOP ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားများ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ပင်မဆောင်ငွေရတုခန်းမ၌ ကျင်းပသည်။

**တည်ထောင်ဖွင့်လှစ်ထား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မုံရွာစီးပွားရေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် အခြေစိုက်တည်ထောင်ဖွင့်လှစ်ထားရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့မှအများစုဖြစ်ပြီး မြန်မာနိုင်ငံဒေသအသီးသီးမှလည်း ပညာသင်ခွင့်ရရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူမောင်မယ်တို့အနေဖြင့် မိမိတို့ပညာသင်ယူရမည့် အရွယ်တွင် ပညာသင်ခွင့်ရရှိသည့် အခွင့်အလမ်းများကို ကောင်းစွာအသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ သင်ကြားပြသသည့် စီးပွားရေးပညာဘာသာရပ်အသီးသီးကို ကိုယ်တိုင်တတ်ကျွမ်းနားလည်၍ အသုံးချနိုင်သည့် ပညာရှင်အဆင့်ရောက်ရှိအောင် ဖွဲ့လုံ့လ၊ ဝီရိယတို့ဖြင့် အားထုတ်ကြိုးပမ်း၍ လေ့လာသင်ယူဆည်းပူးသွားကြရန် မှာကြားလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများသည် လူငယ်မောင်မယ်များဖြစ်သည်နှင့်အညီ ကျန်းမာကြံ့ခိုင်ခြင်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိခြင်း၊ ဖြောင့်မတ်မှန်ကန်သော အကျင့်စာရိတ္တတို့ဖြင့် ပြည့်စုံခြင်း၊ အချင်းချင်းရိုင်းပင်းကူညီစိတ်ရှိခြင်း၊ မကောင်းမှုကိုရှောင်ကြဉ်ပြီး မိမိအတွက် ကောင်းကျိုးဖြစ်စေသောအရာတို့နှင့် ပြည့်စုံခြင်းစသည့် တက်ကြွ၍ နိုးကြားသော လူငယ်မောင်မယ်များဖြစ်အောင် မိမိကိုယ်တိုင် လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးပညာရှင်များအဖြစ် မိမိနှင့်မိမိပတ်ဝန်းကျင်အား အကျိုးပြုနိုင်သည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သော ပညာတတ်လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်ပြီး မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက စီးပွားရေးတက္ကသိုလ်အကြောင်းကို မိတ်ဆက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ စတုတ္ထနှစ်သင်တန်းမှ ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ပထမနှစ်သင်တန်းမှ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၁၉)ကြိမ်မြောက် ဂျပန်စာဘာသာပြန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများကို ဖိတ်ခေါ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၊ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း(MAJA) နှင့် ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်-ဂျပန်ယဉ်ကျေးမှုစင်တာတို့ ပူးပေါင်းကျင်းပမည့် (၁၉)ကြိမ်မြောက် ဂျပန်စာဘာသာပြန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများကို ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သိရသည်။

ဘာသာပြန်ပညာရှင်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ကျွမ်းကျင်အဆင့်အတွက် ဂျပန်စာဘာသာပြန်ပြိုင်ပွဲနှင့် အခြေခံအဆင့် ဂျပန်စာလေ့လာနေသူများ (ဂျပန်စာအရည်အချင်း N3 အဆင့်ရှိသူများ)အတွက် အငယ်တန်းအဆင့် ဂျပန်စာဘာသာပြန်ပြိုင်ပွဲဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသူများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုလက်ဆောင်များ ပေးအပ်သွားမည့်အပြင် သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဂျပန်နိုင်ငံသို့ ဖိတ်ကြားခြင်းအစီအစဉ်တွင်လည်း ပါဝင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် လျှောက်လွှာတင်ရမည့်ကာလကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ကျွမ်းကျင်အဆင့်အတွက် ဂျပန်ဘာသာပြန်ပြိုင်ပွဲ https:// forms.gle/kDdvvVFtDuNXGxB27 နှင့် အငယ်တန်းအဆင့် ဂျပန်စာဘာသာပြန်ပြိုင်ပွဲအတွက် https://forms.gle/T453m13YAE4Yzd6w8 မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း သိရသည်။


ကျွမ်းကျင်အဆင့်အတွက် ဂျပန်စာဘာသာပြန်ပြိုင်ပွဲ ပြန်ဆိုရမည့်အကြောင်းအရာကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပါဝင်ယှဉ်ပြိုင်သူများထံ မေးလ်ဖြင့် တိုက်ရိုက်ပေးပို့သွားမည်ဟု သိရပြီး ဘာသာပြန်ဆိုပြီးပါက ပြန်ဆိုထားသောစာမူကို ဖေဖော်ဝါရီ ၂၁ ရက် နောက်ဆုံးထားပြီး မေးလ်ဖြင့် ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသက်အရွယ် ကန့်သတ်ထားခြင်းမရှိကြောင်း၊ ယခင်ကျင်းပခဲ့သော ဘာသာပြန်ပြိုင်ပွဲများတွင် ဆုမရရှိဖူးသူနှင့် မြန်မာနိုင်ငံအတွင်းရှိ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အငယ်တန်းအဆင့် ဂျပန်စာဘာသာပြန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ zoom ဖြင့် ကျင်းပမည်ဖြစ်ကာ ပြန်ဆိုရမည့်အကြောင်းအရာကို ပြိုင်ပွဲနေ့တွင် ပေးပို့မည်ဖြစ်ပြီး အသက်၂၅ နှစ်အောက်နှင့် ယခင်ကျင်းပခဲ့သော ဂျပန်စာဘာသာပြန်ပြိုင်ပွဲများတွင် ဆုမရရှိဖူးသူဖြစ်ရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**MT**

## အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်းအကျိုးခံစားခွင့်ပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၉**




မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အာမခံအလုပ်သမား ဦးယုဇော်သည် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး တာဝန်ထမ်းဆောင်နေစဉ် အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် ငွေကျပ် ၁၂၄၇၂၀၀ ကို ယနေ့နံနက် ၁၀ နာရီတွင် မဟာအောင်မြေခရိုင် လူမှုဖူလုံရေးရုံး၌ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ဦးယုဇော်၏ မိခင်ဖြစ်သူ ဒေါ်သောင်းသောင်းယုအား တာဝန်ရှိသူများရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရုံးများမှ ၂၀၂၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ အကျိုးခံစားခွင့် အမှုတွဲ ၂၄၈၇ မှုအား အကျိုးခံစားခွင့် ငွေကျပ် ၂၈၄၃ ဒသမ ၅၈ သန်း ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၂၂

# ရှမ်းပြည်နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ရှမ်းပြည်နယ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။




စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယခုကျင်းပလိုက်သည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဝါရင့်စာရေးဆရာကြီးများ၏ ဟောပြောသော စာပေသည် စာဖတ်သူများပိုပြီး စာဖတ်သည့်အလေ့အကျင့်များရှိနေရန်နှင့် စာဖတ်သူမှ စာရေးသူအဖြစ် လေ့ကျင့်နိုင်ရန် အလေ့အကျင့်ကောင်းတစ်ခုရှိလာမည်ဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သော ရှမ်းပြည်နယ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးသည် ကလေး၊ လူကြီးမကျန် ပါဝင်လှုပ်ရှားကြသောကြောင့် ဝမ်းသာဂုဏ်ယူမိပါကြောင်းနှင့် ပါဝင်ဆင်နွှဲကြသော ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ အားလုံးနှင့်အတူ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအား အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်မောင်မြင့်က ပြိုင်ပွဲများကျင်းပမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အခြေခံပညာကျောင်းများမှ ကဗျာရွတ်ဆိုနှင့် ကျပန်းစကားပြောတွင် ပထမဆုရရှိသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်သရုပ်ပြသကြပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀၊ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)အား ငွေကျပ် ၁၀ သိန်း၊ စာပေဟောပြောပေးပါသော ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာရေးဆရာမသျှီ(အင်ကြင်း)အား ဂုဏ်ပြုလက်ဆောင်နှင့် အထက(၁)အတွက် ဂုဏ်ပြုဆုငွေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဆုများချီးမြှင့်ပေးသည်။

စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ဆုများချီးမြှင့်ပေးပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ BookReviewတွင် အကောင်းဆုံး သုံးသပ်ဆွေးနွေးပေးနိုင်သူ တစ်ဦးအား မြန်မာနိုင်ငံ စာကြည့်များဖောင်ဒေးရှင်းမှ နယ်မြေတာဝန်ခံဘဏ္ဍာရေးမှူး ဦးဝင်းအောင်တို့က ဆုများချီးမြှင့်ပေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

# စာပေနှင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့စေရေးတို့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဟောပြောဆွေးနွေးပွဲများ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးလာစေရေး၊ ဒေသတွင်းရှိ စာကြည့်တိုက်များ ပိုမို အားကောင်းလာစေရေးတို့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့ကြီးအချို့တွင် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း၊ တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့နှင့် ပူးပေါင်းပြီး တောင်ကြီးမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



**ဆွေးနွေးပွဲများ ပြုလုပ်**

ထို့ပြင် ဇန်နဝါရီ ၁၉ ရက်တွင် ကလောခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ၊ ကလောမြို့နယ် စာရေးဆရာအသင်းတို့နှင့်ပူးပေါင်းပြီး ကလောမြို့ အထက(၁)၌ သက်ဆိုင်ရာ သတင်းမီဒီယာသမားများနှင့် စာပေသမားများ၊ စာကြည့်တိုက်များဖောင်ဒေးရှင်း တာဝန်ရှိသူများ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဆွေးနွေးပွဲများ ပြုလုပ်သည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ စာကြည့်တိုက် ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေ၊ ရှမ်းပြည်နယ် စာကြည့်တိုက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်မေမေနီ၊ ကလောခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် လူငယ်အကျိုးပြု စာပေများ ထွန်းကားရေး၊ အဆိပ်သင့်စာပေများ ရေးသားထုတ်ဝေခြင်းကို ရှောင်ကြဉ်ရေး၊ သတင်းအတုသတင်းအမှားများကို ကျေပျက်အောင်ချေဖျက်ရေး၊ ဒေသတွင်း စာကြည့်တိုက်များ ရေရှည်ရပ်တည် ရှင်သန်နိုင်ရေးတို့အတွက် ဒေသခံစာပေသမားများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ဘီးလင်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

**ဘီးလင်း ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့မွန်းလွဲ ၁ နာရီက ဘီးလင်းမြို့နယ် ရင်းအုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူငယ်များအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သဃ်န်းကျွန်းခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၁၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် “ထက်အကယ်ဒမီ” ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်းအတွင်းရှိ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် တိုက်ကွမ်ဒိုအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် “ထက်အကယ်ဒမီ” ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းတည်ထောင်သူ ဒေါ်စုရည်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးကျော်သူတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ပါလက်စတိုင်းနိုင်ငံထူထောင်ရေးနှင့်ပတ်သက်၍ သဘောတူညီမှုမရှိဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား

**ဂျေရုဆလင် ဇန်နဝါရီ ၁၉**

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ပါလက်စတိုင်းနိုင်ငံထူထောင်ရေးနှင့် ပတ်သက်၍ သဘောတူညီမှုမရှိကြောင်း ၎င်း၏သဘောထားအမြင်များကို ယမန်နေ့က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ မြေပြင်ထိုးစစ်သည် ၎င်း၏တောင်ဘက်အကျဆုံးနေရာအထိ ချဲ့ထွင်ထားကြောင်း အစ္စရေးတာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်အထိ ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူအရေအတွက် ၂၄၉၂၀ ရှိကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံထူထောင်ရေးနှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ငြင်းဆန်ခဲ့ပြီး ဂျော်ဒန်မြစ်အနောက်ဘက်ရှိ နယ်မြေအားလုံးကို အစ္စရေးတပ်ဖွဲ့များက ထိန်းချုပ်နိုင်ရမည်ဟု အခိုင်အမာပြောကြားသည်။

အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံသဘောထားကွဲလွဲမှုများအပေါ် အမေရိကန်နိုင်ငံ၏ ဖြေရှင်းချက်သည် အစ္စရေးပြည်သူများသာမက ပါလက်စတိုင်းပြည်သူများ၏ အကျိုးစီးပွားအတွက်ပါ အကောင်းဆုံးဖြစ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ပြောကြားချက်ကို ကိုးကားပြီး အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ဇန်နဝါရီ ၁၆ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ရှိတွင် အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို အာရပ်နိုင်ငံများက လုပ်ဆောင်လျက်ရှိကြောင်း ဖိုင်နယ်ရှယ်တိုင်းစ်သတင်းစာက ဇန်နဝါရီ ၁၆ ရက်တွင် သတင်းဖော်ပြသည်။

ပါလက်စတိုင်းနိုင်ငံထူထောင်ရေး ဆောင်ရွက်ချက်များအပေါ် အစ္စရေးနိုင်ငံက သဘောတူမည်ဆိုပါက ဆော်ဒီအာရေးဗီးယားနှင့် အခြားနိုင်ငံများသည် အစ္စရေးနှင့် သံတမန်ဆက်ဆံရေး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရန် ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း အာရပ်အစိုးရ အကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ၎င်းသတင်းစာက ဖော်ပြသည်။

အာရပ်နိုင်ငံများသည် အဆိုပါအစီအစဉ်ကို အနောက်နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိပြီး လာမည့်သီတင်းပတ်အနည်းငယ်အတွင်း အစ္စရေးနိုင်ငံသို့ အဆိုပြုရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။



ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ကွန်ဂိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား၊ အနည်းဆုံး ၂၃ ဦးသေဆုံး

**ကင်ရှာဆာ ဇန်နဝါရီ ၁၉**



ကွန်ဂိုနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားရာ အနည်းဆုံး ၂၃ ဦးသေဆုံးခဲ့ကြောင်း ကွန်ဂိုနိုင်ငံအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ သီယာရီမွန်ဂယ်လာက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် သေဆုံးခဲ့သူ ၂၃ ဦးသည် လီကူယာလာ၊ ကူဗက်တီနှင့် နီယာရီဒေသတို့မှ ဖြစ်ကြောင်း သိရသည်။ ကွန်ဂိုနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ၃၃၆၅၆၀ အထိ ရေကြီးရေလျှံမှု ဒဏ်ခံခဲ့ရပြီး ၆၁၇၈ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ရေကြီးရေလျှံမှုကြောင့် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့်ဒေသများတွင် ကျန်းမာရေးအဆောက်အအုံ ၂၆ ခု၊ စာသင်ကျောင်း ၁၂၀ နှင့် လူနေအိမ် ၆၄၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကွန်ဂိုနိုင်ငံ၏ နေရာအနှံ့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် နိုင်ငံအတွင်း ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို ပြီးခဲ့သည့်သီတင်းပတ်က သတိပေးခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ လက်ရှိ မိုးရေချိန်သည် ၂၀၂၂-၂၀၂၃ ရာသီတွင် ရွာသွန်းခဲ့သည့် မိုးရေချိန်စံချိန်တင်၏ ပျမ်းမျှနှစ်ဆဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် အရေးကြီး

**ဒါးဗို့စ် ဇန်နဝါရီ ၁၉**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ယခုသီတင်းပတ်တွင် ပြုလုပ်သည့် (၅၄) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်နှစ်ပတ်လည် အစည်းအဝေးတွင် တာဝန်ရှိသူများက ယနေ့ပြောကြားခဲ့သည်။

“လွတ်လပ်စွာ ကုန်သွယ်မှုမရှိရင် ကမ္ဘာ့စီးပွားရေး ပြန်ဦးမော့နိုင်မယ် မထင်ပါဘူး” ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ညွှန်ကြားရေးမှူးချုပ် Ngozi Wkonjo-Iweala က ယင်းနှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

WTO သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ရှင်သန်လာစေရန်အတွက် “အတားအဆီးများကို ဖယ်ရှား” ရန် ကြိုးပမ်းမှုတွင် နိုင်ငံပေါင်း ၁၁၀ နှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ယင်းအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး တာဝန်ရှိသူများက ဒစ်ဂျစ်တယ်ကုန်သွယ်မှု၊ ဝန်ဆောင်မှုများနှင့် အစိမ်းရောင်ကုန်သွယ်မှုကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်များတစ်လျှောက် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများရှိကြောင်း ပြောကြားခဲ့သည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**




# မြောက်ကိုရီးယားက ရေအောက်နျူကလီးယားဒုံးကျည်စနစ်ကို စမ်းသပ်ခဲ့ဟု ထုတ်ဖော်ပြောကြား

**ပြုံယမ်း ဇန်နဝါရီ ၁၉**

မြောက်ကိုရီးယားသည် ၎င်း၏အရှေ့ဘက်ကမ်းရိုးတန်းရေပြင်တွင် ရေအောက်နျူကလီးယားဒုံးကျည်စနစ်ကို စမ်းသပ်ခဲ့ကြောင်း ယမန်နေ့က ပြောကြားသည်။

အဆိုပါစမ်းသပ်မှုသည် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့၏ နောက်ဆုံးပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနသည် ရေအောက်နျူကလီးယားဒုံးကျည်စနစ် စမ်းသပ်မှုနှင့်ပတ်သက်ပြီး နိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီမှတစ်ဆင့် ဇန်နဝါရီ ၁၈ ရက်က တရားဝင်ကြေညာခဲ့သည်။

အမျိုးသားကာကွယ်ရေးသိပ္ပံအကယ်ဒမီသည် Haeil- 5 - 23 လက်နက်စနစ်၏ အရေးကြီးသောစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ကြောင်း မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ပြီးဆုံးခဲ့သည့် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့၏ သုံးရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သောအားဖြင့် အဆိုပါစမ်းသပ်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

သုံးနိုင်ငံပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘော USS Carl Vinson လည်း ပါဝင်ကြောင်း သိရသည်။

ပြုံယမ်း၏ ရေကြောင်းနှင့် ရေအောက်တုံ့ပြန်မှု အမျိုးမျိုးသောလုပ်ဆောင်ချက်များသည် အမေရိကန်ရေတပ်နှင့် ၎င်း၏မဟာမိတ်များ၏ စစ်ရေးလေ့ကျင့်မှုများကို ဆက်လက်ဟန့်တားနေလိမ့်မည်ဟုလည်း မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ပြီးခဲ့သောနှစ် မတ်လနှင့် ဧပြီလတို့တွင် နှစ်ကြိမ်တိုင်တိုင် ရေအောက်နျူကလီးယားတိုက်ခိုက်ရေးဒရုန်းများကို စမ်းသပ်ရာတွင် ပစ်မှတ်နေရာများကို အောင်မြင်စွာ ဖောက်ခွဲပစ်နိုင်ကြောင်း ပြုံယမ်းက အခိုင်အမာ ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# ကင်မရွန်းနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးစင်တာ ဖွင့်လှစ်မည်

**ယောင်ဒီ ဇန်နဝါရီ ၁၉**

ကင်မရွန်းနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို တိုက်ဖျက်ရန်အတွက် ယခုနှစ်အတွင်း သိပ္ပံစင်တာတစ်ခု ဖွင့်လှစ်ရန် လုပ်ဆောင်နေကြောင်း သိပ္ပံသုတေသနနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာနမှ ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

သိပ္ပံသုတေသနဝန်ကြီးဌာနနှင့် သိပ္ပံပညာအသိုင်းအဝိုင်းတို့သည် ရာသီဥတုပြောင်းလဲမှုများကို တိုက်ဖျက်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက သတင်းထောက်များအား ထပ်လောင်းပြောကြားခဲ့သည်။ ယခုဖွင့်လှစ်မည့်စင်တာသည် သဘာဝပတ်ဝန်းကျင်ကို သုတေသနပြုမည့် ခေတ်မီစင်တာတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုများကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသိပညာပေးခြင်း အခမ်းအနား တက်ရောက် ပဲခူးမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး ဇန်နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသိပညာပေးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပဲခူးမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေး အသိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်ပါ" ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများ အသိပေးရှင်းလင်းခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို အများပြည်သူသိရှိနားလည်သဘောပေါက်ပြီး သောက်သုံးခြင်းမှ ရှောင်ကြဉ်နိုင်စေရန် ၂၀၁၆ ခုနှစ်မှစ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် တတိယမြောက်အမိန့်စာထုတ်ပြန်ကျင့်သုံးသည့် နိုင်ငံ တစ်ခုဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေး အသိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းစသည့် လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများကို သေချာစွာသိရှိနားလည်ထားရန်လိုအပ်ပြီး လုပ်ငန်းရှင်များက နမူနာများ တင်ပြတောင်းခံလာသည့်အပေါ် အတည်ပြုပြီး အမိန့်ကြော်ငြာစာများအတိုင်း လိုက်နာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ဥသာမြို့သစ်၌ အားကစားဥယျာဉ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ စီမံကိန်းရှင်းလင်း ဆောင်၌ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများ၊ မိုးလုံလေလုံဘက်စုံသုံး အားကစားခန်းမဆောက်လုပ်နေမှု၊ ဘောလုံးကွင်းနှင့် အထူးတန်း ပွဲကြည့်စင်များ ဆောက်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းခွင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးများအတိုင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ရန်၊ အားကစားကွင်းများသည် အများနှင့်သက်ဆိုင်သည့်နေရာများဖြစ်၍ မသန်စွမ်းသူများလည်း အသုံးပြုနိုင်စေရေး ထည့်သွင်းဆောင်ရွက်ရန်၊ တည်ဆောက်ရန်ကျန်ရှိသည့် အဆောက်အအုံများနှင့် လမ်းများအား နှစ်အလိုက် ဘတ်ဂျက်ရေးဆွဲတင်ပြသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ(ဆီထွက်သီးနှံ) လျာထားစိုက်ကေထက် ကျော်လွန်စိုက်ပျိုးနိုင်

ချောင်းဆုံ ဇန်နဝါရီ ၁၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးရှေးရှုပြီး ဆောင်းသီးနှံစိုက်ပျိုးသည့်တောင်သူများ သီးနှံအထွက်တိုးဝင်ငွေတိုးပွားစေရန်နှင့် စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဆီထွက်သီးနှံ နေကြာစိုက်ဧက ၃၂၇၂ ဧက၊ မြေပဲ ၁၁၉ ဧကနှင့် နှမ်း ၂၅ ဧက စုစုပေါင်း ဆောင်းသီးနှံ ၃၄၁၆ ဧကကို လျာထားဧကထက်ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအလိုက် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများ မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်စိုက်ပျိုးတတ်ရန်၊ ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များ၊ သွင်းအားစု သဘာဝမြေဩဇာ သုံးစွဲရေးနည်းလမ်းများနှင့် ပိုးမွှားများအန္တရာယ်ကျရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းပြီး အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်ကပြောသည်။

ချောင်းဆုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံ နေကြာဧက ၃၁၇၀ ၊ မြေပဲ ၉၅ ဧက၊ နှမ်း ၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများ သတ်မှတ်ဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် နိုဝင်ဘာတတိယပတ်မှ စတင်ပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ ဓာတ်မြေဩဇာများ ဖြန့်ဝေပေးခြင်းများနှင့် တောင်သူများ လိုအပ်သည့် အထောက်အပံ့များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သူဇာ(ပြန်/ဆက်)

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများနှင့် လုပ်ငန်းရှင်များတွေ့ဆုံ

တောင်ကြီး ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ် စာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)မှဒုတိယနှစ် သင်တန်းသား သင်တန်းသူများသည် တောင်ကြီးမြို့နယ်အတွင်းရှိ ကုမ္ပဏီများ၊ ဘဏ်များ၊ လုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း၊ သမဝါယမအသင်းစုချုပ်နှင့်တောင်ကြီးမြို့နယ် သမဝါယမအသင်းစု၊ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်တို့မှ တာဝန်ရှိသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားကို စာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) ၏ မြတ်ဘုန်းရောင်ခန်းမဆောင်တွင် ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်ဆရာ/ဆရာမများ၊ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ တောင်ကြီးမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ အစိုးရဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၊ ဖိတ်ကြားထားသော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ နယ်အတွင်းရှိ ဘဏ်များမှ တာဝန်ခံများ၊ လုပ်ငန်းရှင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## မကွေးမြို့၌ လက်ရက်ကန်းကာလတိုသင်တန်းဖွင့်ပွဲ ကျင်းပ



**မကွေး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဦးစီး၍ ဖွင့်လှစ်သည့် ဒေသတစ်ခုထုတ်ကုန်တစ်ခု(One Region One Product)ဖြင့် ဆောင်ရွက်မည့် လက်ရက်ကန်းကာလတိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က ဒေသတစ်ခု ထုတ်ကုန်တစ်ခုဖြင့် ဆောင်ရွက်မည့် လက်ရက်ကန်း ကာလတိုသင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် တာဝန်ရှိသူများက သင်တန်းတွင်ပို့ချမည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး အဆိုပါသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိကျေးရွာများမှသင်တန်းသား ၁၅ ဦးကို သင်တန်းနည်းပြတစ်ဦးက လက်ရက်ကန်းဆိုင်ရာများနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ကို (ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ထူးချွန် ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ခြင်းနှင့် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကမာရွတ်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။



ဆက်လက်၍ ဗဟန်းမြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီး/ခရိုင်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ ပဋ္ဌာန်းဓမ္မစကြာဆုရရှိသူများ၊ ဘင်ခရာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဗဟန်းမြို့နယ်ရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများက သီဆိုကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်အတွင်းရှိ အထကကျောင်းများသို့ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

**ရေတာရှည် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ အထကကျောင်းများသို့ သင်ကြားရေးအထောက်အကူပြု စာရွက်စာတမ်းများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားရာတွင်၂၀၂၃-၂၀၂၄ ပညာသင်နှစ်အောင်ချက်မြင့်မားရေးအတွက် Grade-12 အဆင့် ဖွင့်လှစ်ထားသည့် အထကကျောင်း ၁၁ ကျောင်းအား သင်ကြားရေးအထောက်အကူပြုစာရွက်စာတမ်းများနှင့် စာရေးကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ကျောင်းတစ်ကျောင်းလျှင် တစ်သိန်းနီးပါး ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်ဝေ၊ အဖွဲ့ဝင်(၂) ဦးသန့်ဇင်ငြိမ်း၊ ဦးညီညီထွန်း(လဝက)၊ ရဲမှူးဦးဌေးဝင်းအောင်၊ ဒေါ်နှော်လင်းခိုင်(စီမံကိန်း)တို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**



## ကော့သောင်းမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ



**ကော့သောင်း ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ဆောက်လုပ်ပြီးစီးသော RCC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေ၍ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ပုသိမ်မြို့၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် တွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကို သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဌေးမြင့်အောင်က ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ သင်တန်းကျောင်းများနှင့် ရက်ကန်းကျောင်းများ ဖွင့်လှစ်ထားရှိမှု၊ သင်တန်းသားများအား ထောက်ပံ့ပေးအပ်မှုအခြေအနေ၊ ဆက်လက်ပညာသင်ကြားနိုင်မည့် အခွင့်အရေးများကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

ဆက်လက်၍ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယနှစ်တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများက သင်ယူလေ့လာခဲ့ရသည့် ဘာသာရပ်များအလိုက် အကျိုးကျေးဇူးရရှိပုံများအား ပြောကြားခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးနိုင်က အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်

**တိုက်ကြီး ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက် ၁၁ နာရီက အင်္ဂလားရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုက်ကြီးမြို့နယ် အင်္ဂလားရပ်ကွက် ချမ်းမြသာစည်(၁)လမ်း CU 002 နှင့် ချမ်းမြသာစည်(၄)လမ်း CU 002 တို့တွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အဆောက်အအုံစာရင်းတင်ခြင်း(ဆ-၀၂) ကောက်ယူခြင်းလုပ်ငန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်၊ အတွင်းရေးမှူး ခရိုင်ရဲမှူး ဝင်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) ဦးစီးအရာရှိ ဦးအောင်မင်းထွေးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြပြီး ဝန်ထမ်းများ၏ ဆောင်ရွက်မှုအား တိုက်ကြီးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြားတစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ငွေကျပ် ၂၅၀၀၀၀၀ဖြင့် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၄၀၄၄၃၄၄၉၉ နှင့် ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ဖုန်း- ၀၉-၅၁၃၅၆၉၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ၊ ဘဒ္ဒန္တလာဘာသာမိ (ဂန္ထဝါစကပဏ္ဍိတ) သက်တော် (၈၉)နှစ်၊ သိက္ခာ (၆၉)ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် (၃)ရပ်ကွက် မဟာဝိသုတာရာမအသင်းကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တလာဘာသာမိ (ဂန္ထဝါစကပဏ္ဍိတ) သက်တော် (၈၉)နှစ်၊ သိက္ခာ (၆၉)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၁၉-၁-၂၀၂၄ ရက် (သောကြာနေ့) ၁၅:၄၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နတ်တလင်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်

**နတ်တလင်း ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ရပ်ဖြစ်သည့် အဆောက်အအုံ မှတ်တမ်းတင်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းမှ စတင်၍ မြို့မရပ်ကွက်၊ ရွာမရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် နတ်တလင်းမြို့နယ် မြို့မရပ်ကွက် တာပွန်လမ်းနှင့် ရွာမရပ်ကွက် ရန်ကုန်-ပြည်လမ်း Cencus Unit တွင် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန နတ်တလင်းမြို့နယ်ရုံးမှ မြို့နယ် ဦးစီးမှူး ဦးအောင်သူနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ အဖွဲ့သုံးဖွဲ့ ခွဲကာ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုအား နတ်တလင်းမြို့နယ် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေစိုးက ကြည့်ရှုအားပေးခဲ့ကာ အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းအား ဇန်နဝါရီ ၁၆ ရက်မှ မတ် ၃၁ ရက်အထိ ရပ်ကွက် ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့် မျိုးစပါးဆားငန်ရည်စိမ် နည်းပညာပေးသင်တန်းပြုလုပ်

**ပန်းတောင်း ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန် နေ့နံနက် ၉ နာရီခွဲက တောင်သူ စိုက်ပျိုး နည်းပညာပေးသင်တန်း ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် စားဝတ်နေရေး သက်သာချောင်ချိစေရန်၊ ငွေပိုငွေလျှံများ ရရှိစေရန်အတွက် နွေစပါးများ စိုက်ပျိုးရာတွင် တစ်ဧက တင်း ၁၁၀ ထွက်ရှိနိုင်ရန်၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များစိုက်ပျိုးကြရန် ရှင်းလင်းပြောကြားခဲ့ပြီး ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသင်းက နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရန်၊ ကြဲခင်းများ မစိုက်ပျိုးဘဲ Drum Seederl ပျိုးထောင်စိုက်၊ ကောက်စိုက် စက်စိုက် နည်းစနစ်များဖြင့် စိုက်ပျိုးကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးတင့်လွင်က အထွက်နှုန်းကောင်းမျိုးစေ့များရရှိရန် မျိုးစပါးဆားငန်ရည်စိမ်မျိုးရွေးချယ်နည်း အကျိုးကျေးဇူးများနှင့် စပါးမျိုးစေ့ဆောင်ရောဂါများအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားကာ တက်ရောက်လာသောတောင်သူများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြပြီး စပါးဆားငန်ရည်စိမ်မျိုး ရွေးချယ်ခြင်းအား လက်တွေ့သရုပ်ပြ နည်းပညာပေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ အက်သလက်တီကို မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ၃၉ မိနစ်မှာ ဒီယက်စ်လီနို၊ ၅၇ မိနစ်မှာ မိုရက်တာ၊ မိနစ် ၁၀၀ မှာ ဂရစ်ဇ်မန်းနဲ့ ၁၁၉ မိနစ်မှာ ရီကွယ်မီတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပထမပိုင်း ပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ အော့ဘ်လက်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ ၈၂ မိနစ်မှာ ဂျူဆီလုရဲ့ သွင်းဂိုးတွေကြောင့် ချေပဂိုးရရှိခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကို မက်ဒရစ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံ ၂၁ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၂၁ ပွဲမှာ ၁၇ ပွဲနိုင်၊ လေးပွဲသရေ ရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ လက်ရှိအချိန်မှာ အက်သလက်တီကို မက်ဒရစ်အသင်းအတွက် သွင်းယူခဲ့တဲ့သွင်းဂိုး ၁၇၅ ဂိုးအထိ ရှိသွားပြီလည်းဖြစ်ပါတယ်။

**ကွာတားဖိုင်နယ်အဆင့်တက်လှမ်း**

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်း၊ ဂျီရိုနာအသင်း၊ ရီးယဲလ်ဆိုစီဒက်အသင်း၊ ဆယ်လ်တာဗီဂိုအသင်း၊ မာယော့ကာအသင်း၊ ဘီဘာအိုအသင်း၊ ဆီဗီလာအသင်းတို့နဲ့အတူ စပိန်ကိုပါဒယ်ရေး ဖလားကွာတားဖိုင်နယ် အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**❍ MNL မှ**


MNL အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် လေးရာသီဆက်တိုက် ရရှိထားသည့် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် နိုင်ငံတကာပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လိုအပ်သည့်နေရာများကို အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ- SUFC**

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ် (၃)ရပ်ကွက်၊ မဟာဝိသုတာရာမ အသင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တလာဘာသာမိ (ဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိ အကျဉ်း

**ဖွားမြင်တော်မူခြင်း**



ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သရက်ကောင်းရွာ၊ ခမည်းတော် ဦးပြောင်း+မယ်တော် ဒေါ်စံညိုတို့မှ ၁၂၉၆-ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော် မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၂-ခုနှစ်တွင် ရွှေဘိုမြို့၊ ပရိယတ္တိအသင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်တွင် ကန့်ဘလူမြို့နယ် ဇီးကနားဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြုလျက် ကောလင်းမြို့နယ်၊ နှောခုံရွာ၊ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ဦးစံမြ၊ ဒေါ်သိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကန့်ဘလူမြို့နယ်၊ သရက်ကောင်းရွာ၊ ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒ၊ ဘဒ္ဒန္တဝေပုလ္လ၊ ရွှေဘိုမြို့၊ အသင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ဘဒ္ဒန္တသောဘိတ၊ ဘဒ္ဒန္တဇာဂရ၊ စစ်ကိုင်းမြို့၊ ရွှေဟင်္သာ တိုက်သစ်ဆရာတော်၊ ပဌာန်းသိပ္ပံဆရာတော်၊ မန္တလေးမြို့၊ မိုးကောင်းတိုက်ညောင်ရမ်းဆရာတော် ဘဒ္ဒန္တကုလနန္ဒဝံသ၊ ဘဒ္ဒန္တ သဇ္ဇန၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ အလယ်တိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တကုသလ စသော ဆရာတော်များထံတွင် ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ မဟာဝိသုတာ ရာမအသင်းကျောင်းတိုက်တွင် စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ပါဠိပထမပြန်စာမေးပွဲဥက္ကဋ္ဌ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ တိုင်းသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါ စရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးတော်မူခြင်း ဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅-ခုနှစ်တွင် **“ဂန္ထဝါစကပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၅-ခုနှစ်၊ ပြာသိုလဆန်း(၉)ရက်၊ (၁၉-၁-၂၀၂၄)၊ သောကြာနေ့၊ (၁၅:၄၅) နာရီ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထား နိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄/စက်မှုဇုန်၊ မြေကွက်အမှတ်-၁၃၅၊ မြေကွက်တည်နေရာအမှတ်-၁၃၅၊ ဇော်ဂျီလမ်း၊ ၆၄/စက်မှုဇုန်ရပ်ကွက်၊ ဒဂုံတောင်၊ ဦးချန်ထွန်း (G/RGN-၀၁၀၂၃၀) အမည်ပေါက် နှစ်(၆၀) စက်မှုမြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးချန်ထွန်း (ခင်ပွန်း) ဖြစ်သူသည် (၂၆-၁၀-၂၀၁၈) ရက်နေ့တွင်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်တင်နွယ်ဝေ (ခ)ဒေါ်ရှုကြူ [၁၂/လမတ(နိုင်)၀၁၆၉၁၉] မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူဇနီး ဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီးလုံးဝမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၈၁၀/၂၀၂၃ (၁၂-၉-၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အဆိုပါမြေကွက်နှင့်ပတ်သက်၍ (၁၉၉၆) ခုနှစ်က ဘဏ်ချေးမြေပုံကူးယူခဲ့သော်လည်း မည်သည့်ဘဏ်တွင်မျှ ဘဏ်ချေးငွေထုတ်ယူခဲ့ခြင်းမရှိပါကြောင်းနှင့် အဆိုပါဘဏ်ချေးမြေပုံမူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါကြောင်း အထက်ပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၆၃၈/၂၀၂၃ (၃-၁၁-၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဒေါ်တင်နွယ်ဝေဟုဖော်ပြပါရှိ၍ သန်းခေါင်စာရင်းတွင် ဒေါ်တင်နွယ်ဝေ(ခ)ဒေါ်ရှုကြူဟုဖော်ပြပါရှိပြီး ၎င်း၏အမည်များသည် ဒေါ်တင်နွယ်ဝေသည်လည်းကောင်း၊ ဒေါ်ရှုကြူသည်လည်းကောင်း၊ ဒေါ်တင်နွယ်ဝေ(ခ)ဒေါ်ရှုကြူသည်လည်းကောင်း မိမိတစ်ဦး၏အမည်များဖြစ်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၉၂၀/၂၀၂၃(၁၅-၁၁-၂၀၂၃)၊ နှစ် (၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ RC (၂)ထပ်(၁)လုံးရှိပြီး ကိုယ်တိုင်နှင့် သားဖြစ်သူမိသားစုနေထိုင်ပြီး ပလတ်စတစ်အိတ်လုပ်ကိုင်ပြီး ဒေါ်တင်နွယ်ဝေမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်တင်နွယ်ဝေ(ခ)ဒေါ်ရှုကြူ၏ ပိုင်ဆိုင်/အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ဒေါ်လှခင်လမ်း၊ အမှတ် (၂၂) ဟုခေါ်တွင်သော အလျားxအနံ (၂၅ x ၄၉) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်ခံအိမ်နှင့် ရေ၊ မီးတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်သူ ဦးထွန်းထွန်း [၉/မမန(နိုင်)၀၁၁၉၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ကိုကို [၁၂/မရက(နိုင်) ၁၁၄၆၄၃] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေဇင်ဦး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၈၉)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၃၅၀၂၇၊ ၀၉-၇၉၅၅၆၃၃၀၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ခုနစ်အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၄)လမ်း၊ အမှတ်(၆၂၁/ဘီ)၊ အကျယ်အဝန်း (၁၉ပေX၅၅ပေ)ရှိ မြေညီထပ်(ခြေရင်းခန်း)၊ ထပ်ခိုးအပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဟန်ဇော်အောင် (၁၂/ပဘတ(နိုင်) ၀၃၀၇၅၇) ကိုင်ဆောင်သူက တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ် မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နန္ဒာသီရိ (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၈၈)**
**အမှတ်(၄၃၀)၊ မြို့ဟောင်း(၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၅၅၀၁၃၄၃၇၃**

## ရှမ်းပြည်နယ် ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံ့ရပ်ကွက်၊ ကွင်းအမှတ်-၃၆၊ အကွက်အမှတ်-မြင်းကရွာအရှေ့ကွင်း၊ ဦးပိုင်အမှတ်-၉၊ မြေကွက်အမှတ်-၁၄၀၊ မြေအကျယ်အဝန်း-(၁.၀၀)ဧက အကျယ်အဝန်းရှိသည့် ယာမြေအမျိုးအစားမြေကွက်နှင့် ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်ဂျူလိုင်နှင်းဆီကို [၁/မကန(ပြု)၀၀၀၅၀၂] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ရောင်းချလိုပါကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူပါသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသ အဖြစ် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

မည်သူမဆို ယခုအရောင်းအဝယ်သဘောတူညီချက်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း)အထောက်အထား အပြည့်အစုံဖြင့် ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အထမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၁/၂၀၁၄)**
**ဖုန်း-၀၉-၂၅၂၆၄၀၀၂၄]**

## လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

ဤအသင်း၏(၄၉)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး နှင့်သက်ကြီး ပူဇော်ပွဲကို ၂၇.၁.၂၀၂၄ (စနေနေ့) နံနက် (၉) နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်လယ်ယာမွှေ့ရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လက်ပံတန်းမြို့နယ်မှ ရန်ကုန်ရောက်မိသားစုများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ယခုနှစ်တွင်(၇၅)နှစ်အထက်ရောက်ရှိနေသူများ**
**အောက်ပါပုဂ္ဂိုလ်များထံဆက်သွယ်ကြပါရန် -**

| ဒေါ်ခင်မျိုးသိန်း | ဦးအောင်သိန်း | ဒေါ်ခင်ငြိမ်းဌေး |
|---|---|---|
| ၀၉-၈၉၇၇၇၉၃၉၁၉ | ၀၉-၄၂၁၁၁၁၆၀၂ | ၀၉-၄၂၁၅၁၀၁၁၄ |

**အမှုဆောင်အဖွဲ့**

## Nan Oo Yadanar Company Limited
## (နန်းဦးရတနာကုမ္ပဏီလီမိတက်)
## မတည်ငွေရင်းလျှော့ချကြောင်းကြော်ငြာခြင်း
## (မြန်မာနိုင်ငံကုမ္ပဏီများ(၂၀၁၇) ပုဒ်မ ၁၁၆(ဈ)အရ)

Nan Oo Yadanar Company Limited ၏ (17–1.2024 ) ရက်နေ့တွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အထူးအစည်းအဝေးတွင် မတည်ငွေရင်းအား ယခင်မတည်ငွေရင်း ကျပ်-၁,၀၀၀/- တန် အစုရှယ်ယာ (၅,၀၀၀,၀၀၀) စု ကျပ်-၅,၀၀၀,၀၀၀,၀၀၀/- "မှ" ယခု ကျပ်-၁,၀၀၀/- တန် အစုရှယ်ယာ (၁,၀၀၀,၀၀၀) စု၏ ကျပ်-၁,၀၀၀,၀၀၀,၀၀၀/- "သို့" မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်းကို အစုရှယ်ယာရှင်များက အများသဘောတူ အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**Nan Oo Yadanar Company Limited**
**(နန်းဦးရတနာကုမ္ပဏီလီမိတက်)**
**Ph:01-9673872, Email: nanoogems@gmail.com**

## ပန်းရောင်ကတ်ပျောက်ဆုံးကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အောင်စိုးမိုးလမ်း၊ အိမ်အမှတ်-၇၀၂/ခ နေထိုင်သော ဦးကျော်ငြိမ်း၏သား ဦးဇော်ဇော်လတ် [၁၂/ရပသ(နိုင်)၀၄၄၉၉၉]ကိုင်ဆောင်သူ၏ ပန်းရောင်ကတ်အမှတ်-၅၁၁၈၅၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်ကြော်ငြာအပ်ပါသည်။

**ဦးဇော်ဇော်လတ်**
**ဖုန်း-09-759335332**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ (၂) ရှိ တိုက်ခန်းအမှတ်-2 B-436၊ တတိယထပ် (၄ လွှာ)၊ ဧရိယာ (၆၀၀) စတုရန်းပေရှိ တိုက်ခန်းကို တော်ဝင်မိသားစုကုမ္ပဏီလီမိတက်ထံမှ သမဝါယမဘဏ်လီမိတက်က ဝယ်ယူ၍ (၆-၅-၂၀၁၄) ရက်နေ့မှစ၍ လက်ရှိထားပိုင်ဆိုင်ပါသည်။ သမဝါယမဘဏ်လီမိတက်လီမိတက်ထံမှ ဒေါ်ခင်စောထွန်း [၁၁/ကဖန(နိုင်)၀၇၁၁၃၄] က (၁၀-၈-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်စောထွန်းထံမှ ဒေါ်တင်တင်မူ [၁၁/စတန(နိုင်)၀၃၉၅၅၆] က (၂၃-၂-၂၀၂၃) ရက်နေ့တွင်လည်းကောင်း အဆင့်ဆင့်ဝယ်ယူ၍ ဒေါ်တင်တင်မူက လက်ရှိထားပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ ထိုတိုက်ခန်းကို ဒေါ်တင်တင်မူထံမှ ဒေါ်ထက်ထက်ဦး [၇/ရတရ(နိုင်)၁၃၈၉၂၂] နှင့် ခင်ပွန်းဦးစောအောင်သက်စိုး [၃/လသန(နိုင်)၀၀၇၆၆၀] တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသည်။

အထက်ပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ကြည် ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၁၈/၃၀-၁၁-၉၄)**
**ဖုန်း-၀၉၅၄၀၁၂၅၀**

| | |
|---|---|
| **ရုံး-အမှတ်-၆၂ ၊ အခန်း (၉)၊** | **အိမ်-အမှတ်-၂၁၀၊ အောင်သပြေလမ်း၊** |
| **ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊** | **( ၂ ) ရပ်ကွက်၊ ပုလဲမြို့သစ်၊** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။** |

## ဦးမြတ်တိုး(ဘ)ဦးလှိုင်မြင့် [၁၄/ဟသတ(နိုင်)၀၅၁၃၀၄]၊ ဒေါ်ကျင်ဟှာ (ဘ) ဦးလှိုင်မြင့် [၁၄/ဟသတ(နိုင်)၃၄၀၃၇၇] နှင့် အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ လက်သမားမြောက်ရပ်ကွက်၊ အကွက်အမှတ် (၂၉/လက်သမားမြောက်)၊ ဦးပိုင်အမှတ် (၉၈)၊ ဧရိယာ (၀.၀၆၈) ဧက၊ ဦးမိုးဇက်အမည်ပေါက် အိမ်ယာမြေအမျိုးအစား၊ ယခင်အိမ်အမှတ် (၁၅၁)၊ ယခုအိမ်အမှတ်(၁၃၄)ဟု ခေါ်တွင်သောမြေကွက်၊ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃x၅)ပင် အုတ်ပတ်ကား၊ သွပ်မိုး၊ နှစ်ထပ်နေအိမ်၊ ရေစက်၊ မီးတာနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးမိုးဇက် (ဘ) ဦးချွန် [၁၄/ဟသတ(နိုင်) ၀၅၈၈၈၂]ကိုင်ဆောင်သူတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သော နေအိမ်နှင့်ခြံမြေဖြစ်သည့်အတွက် ဦးမိုးဇက်၏ ခွင့်ပြုချက်မရှိဘဲ အထက်ပါနေအိမ်နှင့် ခြံမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပြင်ဆင်ခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမြတ်တိုး၊ ဒေါ်ကျင်ဟှာတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဆုပြည့်သိန်းဌေး** | **ဦးတင်ထွဋ်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်- ၁၄၂၇၉/၂၀၁၈** | **စဉ်- ၅၄၁၆၁/၂၀၂၁** |

**အမှတ်(၂၈)၊ ပထမထပ်၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ အထက (၂) တွင် တာဝန်ထမ်းဆောင်နေသော စာရေးအဆင့် (၂) ဒေါ်စန်းစန်းမြင့် [၇/တငန(နိုင်)၀၆၆၈၅၅] ၏ ဖခင်အမည်မှာ ဦးဘိုစိန်(ခ)ဦးဘိုးစိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

